# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ဝ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၃၄)၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်၊ ၂၆-၇-၂၀၂၄၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလ တည်းဟူသော အနံ့သည် အတုမရှိ ထူးကဲ လွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများနှင့် ဘင်းမ်စတက် အတွင်းရေးမှူးချုပ်တို့အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများနှင့် ဘင်းမ်စတက် အတွင်းရေးမှူးချုပ်တို့က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေး ဆိုင်ရာအကြီးအကဲများ အစည်းအဝေးသို့ တက်ရောက်ရန်ရောက်ရှိနေသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများနှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။ စာမျက်နှာ ၃ သို့ ✻

## နေရာ ကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၂၅

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါသည်။

**မိုး/ဇလ**

၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၆ ရက် ၊ သောကြာနေ့ ။

မန္တလေး နေ့စဉ်

## ပညာကို ငယ်ရွယ်စဉ်ကပင် ကြိုးစားသင်ယူရမည်

လူတစ်ယောက်သည် မွေးပြီးကတည်းက သေသည်အထိ ဘဝခရီးတစ်လျှောက်လုံး ပံ့ပိုးပေးသူမှာ ပညာဖြစ်သည်။ ပညာကြောင့်ဖြစ်ပေါ်လာရသော အကျိုးကျေးဇူးများမှာ လောကလူသားများကို အလှဆင်လျက်ရှိသည်။ ထို့ကြောင့် ပညာကို ငယ်ရွယ်စဉ်ကပင် ကြိုးစားသင်ယူရမည်ဖြစ်သည်။ ပညာသည် လူတို့၏ ကောင်းကျိုးချမ်းသာ အမျိုးအမျိုးကို ပေးစွမ်းလျက်ရှိသည်။ ယနေ့ခေတ်တွင် လူငယ်များသာမက လူကြီးများကပါ ပညာကို လေ့လာသင်ယူလျက်ရှိသည်။ ပညာ၏တန်ဖိုးကိုသိ၍ ပညာကို အထွတ်အမြတ်ထားသောကြောင့်ဖြစ်သည်။

ထို့ပြင် ပညာရှာသူသည် မာန်မာနမထားဘဲ အောက်ကျို့ကာ သင်သင့်သင်ထိုက်သော ပညာများကိုသင်ယူရမည်ဖြစ်သည်။ ပညာရမည်ဆိုလျှင် သိမ်ငယ်သည်၊ သိက္ခာကျသည်၊ အောက်ကျသည်ဟူသောဆင်ခြေများကိုဖယ်ရှားကာ ပညာရှိထံ ချဉ်းကပ်သင်ကြားသင့်ပါသည်။ ပညာရှာရာတွင် "ခြေသုတ်ပုဆိုး၊ မြွေစွယ်ကျိုးနှင့် ချိုကျိုးနွားလား၊ ဒွန်းစဏ္ဍားသို့"ဟု ရှင်မဟာရဋ္ဌသာရက ဆိုထားသည်။ မိမိကိုယ်မိမိ နှိမ့်ချကာ ပညာအမျိုးမျိုးကို သင်ကြားသင့်ကြောင်း ဆုံးမထားပါသည်။ အစွယ်ကျိုးသောမြွေ၊ ချိုကျိုးသောနွားတို့သည် မည်သူ့ကိုမျှ ရန်မပြုနိုင်သကဲ့သို့ ကျိုးနွံသောစိတ်ထား ထားရမည့်သဘော၊ ဒွန်းစဏ္ဍားတို့သည်လည်း မည်သူ့ကိုမျှ အန္တရာယ်မပေးနိုင်သည့် သဘောပင်ဖြစ်သည်။

ပညာသည် မြင့်မြတ်သည့်ဂုဏ်ရှိပြီး ပညာရှိသောသူသည် မည်သည့်နေရာဒေသတွင်ဖြစ်စေ တင့်တယ်ကာ ချီးမြှင့်မြောက်စားခြင်းခံရမည်ဖြစ်သည်။ လေးစားတန်ဖိုးထားခြင်းလည်း ခံရမည်ဖြစ်သည်။ ထို့ပြင် ပညာ၏ဂုဏ်ကျေးဇူးကြောင့် သာမန်ဆင်းရဲသား လယ်သမားဘဝမှ နိုင်ငံကအားထားရသော ပညာရှိဘဝရောက်ခဲ့ရကာ ဘဝမြင့်မားခဲ့သည့် သာဓကများရှိပါသည်။ ထွန်တုံးကိုဖက်ပြီး လယ်ယာမြေအတွင်း အချိန်ကုန်ကာ ပင်ပန်းကြီးစွာ အလုပ်လုပ်ခဲ့ရသော်လည်း စာပေဖတ်ရှုလေ့လာပြီး အကြားအမြင်ဗဟုသုတများကြောင့် ဘုရင်ကိုယ်တိုင်ချီးမြှင့်မြောက်စားခဲ့ရပါသည်။ လယ်သမားညီညီဘဝမှ ဝန်ဇင်းမင်းရာဇာဘဝသို့ ပြောင်းလဲရောက်ရှိကာ တိုင်းပြည်အနှံ့ ကျော်စောထင်ရှားခဲ့ပါသည်။ ပညာ၏ဂုဏ် စာဖတ်ခြင်းအကျိုးကျေးဇူးကား ဘဝကို မြင့်မားရာရောက်ရှိစေနိုင်ပါသည်။

လောကတွင် အတတ်ပညာမရှိသောသူသည် ဥစ္စာမရနိုင်ပါ။ ဥစ္စာမရနိုင်ပါက မိတ်ဆွေမရနိုင်ပါ။ မိတ်ဆွေမရနိုင်ပါက စီးပွားလည်းမရနိုင်။ စီးပွားမရနိုင်ပါက မိမိအသက်မွေးရန်အတွက် အဆင်မပြေနိုင်။ စားရေး ဝတ်ရေး နေရေး အဆင်မပြေပါက ဆင်းရဲတွင်းက တက်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ပညာသည်သာ ဘဝမြင့်မားရေးအတွက် ဦးဆောင်ဦးရွက်ပြုနိုင်သော အကောင်းဆုံးမိတ်ဆွေဟု ဆိုထိုက်ပါသည်။

သို့ဖြစ်ရာ ပညာ၏ဂုဏ်ကျေးဇူးကားကြီးမားလှပြီး ဗုဒ္ဓက "ပညာသမာအာဘာနတ္ထိ မြတ်မုနိ" ပညာနှင့် တူသောအရာသည်မရှိဟု အဆုံးအမထားခဲ့ရာ မှတ်သားလိုက်နာရမည်ဖြစ်သည်။ လူသားတို့၏ဘဝကို နိမ့်ရာမှမြင့်အောင် ဖန်တီးနိုင်စွမ်းရှိသည့်ပညာကို ငယ်စဉ်ကပင် ကြိုးစားသင်ယူသင့်ကြောင်း ရေးသားလိုက်ရပေသည်။

## (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဇူလိုင် ၂၅**

၂၀၂၄ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အစည်းအဝေးခန်းမ(၂)တွင် ကျင်းပသည်။

ဦးစွာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူးနှင့် တက်ရောက်လာသည့် မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌများက မဂ္ဂဇင်းအရည်အသွေးကောင်းမွန်စွာထွက်ရှိလာရေးအတွက် ဝိုင်းဝန်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသည့် အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ အမရပူရမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်တို့မှ စာရေးဆရာများအား တွဲဖက်အတွင်းရေးမှူးက အမှတ်တရဂုဏ်ပြုလွှာများပေးအပ်ခဲ့ပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

မဂ္ဂဇင်းဖြစ်မြောက်ရေးနှင့် စာမူရွေးချယ်ခြင်းကိစ္စများကို မန္တလေးနေ့စဉ်သတင်းစာတွင် သီးသန့်အသိပေးကြော်ငြာပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

## ကျောင်းနှစ်ကျောင်းရှိ ဆရာ၊ ဆရာမများအား ငွေထောက်ပံ့ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးပစ္စည်းကိရိယာများလှူဒါန်း





**မန္တလေး ဇူလိုင် ၂၅**

မန္တလေး၊ မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများနှင့် ရပ်မိရပ်ဖများ၊ အလှူရှင်များမှ စုပေါင်း၍ လမ်း၄၀၊ လမ်း၆၀နှင့် ၆၁လမ်းကြား၊ မဟာမြိုင်(၂)ရပ်ကွက်ရှိ အမှတ် (၂)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် ၆၄လမ်း၊ ၃၆လမ်းနှင့်၃၇လမ်းကြား၊ မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းတို့ရှိ ဆရာ၊ ဆရာမများအား ငွေထောက်ပံ့ခြင်း၊ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများနှင့် စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းခြင်းနှင့် အာဟာရကျွေးမွေးလှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက အမှတ် (၂)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂)ဒေါက်တာလှကြွယ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်မြင့်ဦး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးဆွေလွင်အောင်၊ အဖွဲ့ဝင်(၂) ဦးထွန်းထွန်းဝင်း၊ အဖွဲ့ဝင်(၃)ဦးကောင်းကျော်မြတ်၊ မြို့နယ်စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ဌေးဌေးလွင်နှင့်အဖွဲ့ဝင်များ၊ မဟာမြိုင်(၂)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးအောင်နှင့်ဇနီး ဒေါ်နှင်းယုလှိုင်၊ ရပ်မိရပ်ဖများ၊ အလှူရှင်များ၊ အလက(ခွဲ)(၂) ကျောင်းအုပ်ကြီး ဒေါ်ရင်ရင်မေနှင့် ဆရာ၊ ဆရာမများ၊ အမက(၂)ကျောင်းအုပ်ကြီး ဒေါ်ဥမ္မာမြင့်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မဟာမြိုင်(၂)ရပ်ကွက်ဥက္ကဋ္ဌက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးနှစ်ဦးအား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီနှင့် ဆရာ၊ ဆရာမ ၁၈ ဦးအား တစ်ဦးလျှင် ငွေကျပ် ငါးသောင်းစီတို့ကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ကြသည်။ ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူ ၄၇၀ ဦးတို့အား ကျောပိုးအိတ် ၁၀၀ လုံး၊ ကွန်ပါဘူး ၁၀၀ ဘူး၊ ပလတ်စတစ်ဆွဲခြင်း ၁၀၀ လုံး၊ စတီးချိုင့် ၂၀ လုံး၊ ထမင်းဘူး ၅၀ ဘူး၊ ရေဘူး ၅၀ ဘူး၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင် စသည့် ငွေကျပ်သိန်း ၁၂၀ တန်ဖိုးရှိသည့် ကျောင်းသုံးပစ္စည်းကိရိယာများကို ကျောင်းသား၊ကျောင်းသူများအား တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ကြသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တက်ရောက်လာကြသူများအား ရေခဲမုန့်နှင့် ကိတ်မုန့်တို့ဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။

(၀၄၀)

## အဝေးပြေးကားယာဉ်ရပ်နားစခန်းအား စစ်ဆေးကြည့်ရှု

**အောင်လံ ဇူလိုင် ၂၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့ စည်ပင်သာယာရေးအဖွဲ့မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အဝေးပြေးယာဉ်ရပ်နားစခန်းအား အောင်လံခရိုင် လုပ်ငန်းအရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီဥက္ကဋ္ဌ (ခရိုင်အုပ်ချုပ်ရေးမှူး) ဦးမြင့်သန်းနှင့် တာဝန်ရှိသူများက ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် အဝေးပြေးယာဉ်ရပ်နားစခန်းတည်ဆောက်ရေးလုပ်ငန်းလုပ်ငန်းခွင်မှ "အောင်အောင်သော်" ကုမ္ပဏီမှ ဆောက်လုပ်နေသော Express ဂိတ်ခန်း (၈) ခန်း၊ ကားလေးဂိတ်ခန်း (၇)ခန်း၊ စားသောက်ဆိုင်ခန်း (၄)ခန်း၊ ဈေးဆိုင်ခန်း (၈)ခန်း၊ ကုန်စည်ဂိတ်ခန်း(၄)ခန်းတို့အား ကြည့်ရှုစစ်ဆေးခဲ့ရာ အမှုဆောင်အရာရှိနှင့် လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာမှ တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ခရိုင်လုပ်ငန်းအရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်သန်းက လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် မှာကြားခဲ့သည်။

ထို့နောက် ခရိုင်လုပ်ငန်းစိစစ်ရေးနှင့် လက်ခံရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့မှ ဆောင်ရွက်နေသည့် ၁၇ လမ်းနှင့် ၁၅လမ်း ကွန်ကရစ်ခင်းနေသည့် လုပ်ငန်းသို့ရောက်ရှိခဲ့ပြီး လိုအပ်ချက်များကို ဆက်လက်မှာကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မျိုးသိန်း(ပြန်/ဆက်)

၀-၀-၀-၀-၀



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၆လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

* ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ ဖြစ်ကြသည့် အိန္ဒိယနိုင်ငံမှ H.E. Shri Ajit Doval၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ambassador Abdul Motaleb Sarker၊ ဘူတန်နိုင်ငံမှ Mr. Sonam Wangyel၊ နီပေါနိုင်ငံမှ H.E. Mr. Harishchandra Ghimire၊ သီရိလင်္ကာနိုင်ငံမှ General Kamal Gunaratne (Retd) WWV RWP RSP USP Ndc psc MPhil၊ ထိုင်းနိုင်ငံမှ Ms. Kanyarat Angkanavisalya နှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey တို့ တက်ရောက်ကြသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ထိုသို့တွေ့ဆုံစဉ် ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာကြသည့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ကိုယ်စားလှယ်များနှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့က ဘင်းမ်စတက်အဖွဲ့အစည်းနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နေမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ ယင်းစိန်ခေါ်မှုများကို ပူးပေါင်းအဖြေရှာ၍ ဖြေရှင်းဆောင်ရွက်သွားရမည့်အခြေအနေများနှင့် ပတ်သက်၍ တစ်ဦးချင်းရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့သည် ဘင်းမ်စတက်အဖွဲ့အစည်း ပေါ်ပေါက်လာမှုအခြေအနေနှင့် ရည်ရွယ်ချက်များ၊ **စာမျက်နှာ ၄ သို့** *



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံမှ H.E. Shri Ajit Doval အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ambassador Abdul Motaleb Sarker အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘူတန်နိုင်ငံမှ Mr. Sonam Wangyel အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နီပေါနိုင်ငံမှ H.E. Mr. Harishchandra Ghimire အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီရိလင်္ကာနိုင်ငံမှ General Kamal Gunaratne(Retd) WWV RWP RSP USP Ndc psc MPhil အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းနိုင်ငံမှ Ms. Kanyarat Angkanavisalya အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



* စာမျက်နှာ ၃ မှ

ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ လူမှုရေးဆိုင်ရာလိုအပ်ချက်များနှင့် ဆက်သွယ်ရေးဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ အဖွဲ့ဝင်နိုင်ငံများအကြား မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ အကြမ်းဖက်မှုနှိမ်နင်းရေး၊ လူကုန်ကူးမှုနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် အဖွဲ့ဝင်နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့်တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးကို ပွင့်လင်းမြင်သာမှုရှိစွာနှင့် အောင်မြင်စွာ ကျင်းပနိုင်ရေးကိစ္စရပ်များ၊ ထိုင်းနိုင်ငံတွင် ကျင်းပမည့် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲလာမှု အခြေအနေများနှင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ်တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

**○ ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများအချင်းချင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ လူမှုရေးဆိုင်ရာလိုအပ်ချက်များနှင့် ဆက်သွယ်ရေးဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ အဖွဲ့ဝင်နိုင်ငံများအကြား မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ အကြမ်းဖက်မှုနှိမ်နင်းရေး၊ လူကုန်ကူးမှုနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် အဖွဲ့ဝင်နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်မည့် အခြေအနေများ ဆွေးနွေး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ အစည်းအဝေးအတွက် အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ




နေပြည်တော် ဇူလိုင် ၂၅

စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေး(4th BIMSTEC National Security Chiefs' Meeting)အတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က နေပြည်တော်၌ ကျင်းပသည်။

အစည်းအဝေးတွင် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ အစည်းအဝေး၏ အစီအစဉ်များ သတ်မှတ်ခြင်း၊ အစီရင်ခံစာများအတွက် အကြိုညှိနှိုင်းဆွေးနွေးခြင်း၊ ဒေသတွင်းအကြမ်းဖက်မှု၊ နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု တန်ပြန်တိုက်ဖျက်ရေး မြှင့်တင်ခြင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အကြိုညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနှင့် အတွင်းရေးမှူးချုပ်ရုံးတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေးကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်နိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ တင်းကျုံ့လီ၊ ယူနန်ပြည်နယ်ကော်မတီ ဒုတိယအတွင်းရေးမှူးနှင့် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဝမ်ယွိပေါ်တို့နှင့် နှစ်နိုင်ငံဆွေးနွေးမှုများ ပြုလုပ်

နေပြည်တော် ဇူလိုင် ၂၅

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကူမင်းမြို့သို့ ရောက်ရှိစဉ် ဇူလိုင် ၂၃ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီက တျန်းချီ (Dianchi) အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ပြပွဲစင်တာရှိ အစည်းအဝေးခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ (၁၄) ကြိမ်မြောက်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ တင်းကျုံ့လီ ဦးဆောင်သည့် တရုတ် ကိုယ်စားလှယ်အဖွဲ့နှင့် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့သည်။



အဆိုပါ ဆွေးနွေးမှုတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီး ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများ မြှင့်တင်ရေးကိစ္စ၊ နှစ်နိုင်ငံအကြား ဖွံ့ဖြိုးမှု အခွင့်အလမ်းများနှင့် အေးအတူ ပူအမျှ အသိုက်အဝန်း ဖော်ဆောင်ရေးကိစ္စ၊ အဆင့်မြင့် အရာရှိကြီးများ၏ အပြန်အလှန် ခရီးစဉ်များ ပိုမိုပြုလုပ်သွားရေး ကိစ္စ၊ နှစ်နိုင်ငံအကြား ဘုံအကျိုး စီးပွားဖော်ဆောင်နိုင်မည့် စီမံကိန်းများကို ဆောလျင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရေးကိစ္စ၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံအပေါ် အပြုသဘော ဆက်လက် ကူညီသွားရေးကိစ္စ၊ မြန်မာ-တရုတ် နယ်စပ်ဒေသ တစ်လျှောက် တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှု တိုက်ဖျက်ရေးကိစ္စ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှု ပုံမှန်ပြန်လည် ပြုလုပ်သွားရေးကိစ္စ တို့ကို အလေးထား ဆွေးနွေးကြသည်။



ညနေပိုင်းတွင် မြန်မာ ကိုယ်စားလှယ် အဖွဲ့သည် ဟိုင်းကန်းဥယျာဉ် ဟိုတယ် (Haigeng Garden Hotel)၌ တရုတ်ပြည်သူ့ကွန်ဂရက် ယူနန်ပြည်နယ်ကော်မတီ ဒုတိယ အတွင်းရေးမှူးနှင့် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာဝမ်ယွိပေါ် ဦးဆောင်သည့် ယူနန်ကိုယ်စားလှယ်အဖွဲ့နှင့် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးမှုတွင် မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်တို့အကြား ပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင် သွားရေးအတွက် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးမှု အပြီးတွင် မစ္စတာဝမ်ယွိပေါ်က မြန်မာ ကိုယ်စားလှယ်အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၅

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီး H.E. Mr. Imran Haider ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများကို အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ပြတိုက်နှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ ရှေ့ဆက် ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို အခြေပြု၍ ဘာသာရေး၊ ယဉ်ကျေးမှု အခြေပြု ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# တာချီလိတ်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

တာချီလိတ် ဇူလိုင် ၂၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ရွှေသတ္တုအလတ်စားထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ် ချုပ်ဆိုထားသော ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်ရှိ ဟိန်းမေတ္တာကုမ္ပဏီ(SETCL-43,44) လုပ်ကွက်များမှ ပုံချက်ကွင်းဟောင်းပေါ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ ပျိုးပင်များကို နယ်မြေခံတပ်နယ်မှ ခေတ္တဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး သန့်လှိုင်ဝင်းနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုတို့က ပေးအပ်ရာ ကုမ္ပဏီတာဝန်ရှိသူများနှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက လက်ခံရယူပြီး ပုံချက်ကွင်းဟောင်း သုည ဒသမ ၈၉ ဧကပေါ်တွင် မန်ကျည်းရှားပင် ၃၀၀ နှင့် မဲဇလီပင် ၁၈၀ တို့ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးတင်မောင်သန်းက ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ပုံချက်ကွင်းဟောင်း ၉ ဒသမ ၇၁ ဧကပေါ်တွင် မန်ကျည်းရှားပင် ၃၀၃၀၊ ကျွန်း ၁၁၂၀၊ မဲဇလီပင် ၁၃၀၀ နှင့် ပုံချက်ကွင်း(Leaching pad) ၃ ဒသမ ၅ ဧကပေါ်တွင် မန်ကျည်းရှားပင် ၉၀၀ နှင့် မဲဇလီပင် ၇၂၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

သန်းဇော်(တာချီလိတ်)



## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဇူလိုင် ၂၅

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၅

အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၁) ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် သည် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံ ရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေး တက်ရောက်ရန် နေပြည်တော်၌ ရောက်ရှိနေသည့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများအား ယနေ့တွင် နေပြည်တော်၌ လက်ခံတွေ့ဆုံ သည်။

ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် ယနေ့နံနက်ပိုင်းတွင် အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများ ဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ambassador Abdul Motaleb Sarker အား လည်းကောင်း၊ ဘူတန်နိုင်ငံမှ Mr. Sonam Wangyel အား လည်းကောင်း၊ ညနေပိုင်းတွင် အိန္ဒိယနိုင်ငံမှ H.E. Shri Ajit Doval အား လည်းကောင်း သီးခြားစီလက်ခံတွေ့ဆုံသည်။

ထို့အတူ ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် သည် ယမန်နေ့က အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများ ဖြစ်ကြသည့် နီပေါနိုင်ငံမှ H.E. Mr. Harishchandra Ghimire အားလည်းကောင်း၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey အား လည်းကောင်း သီးခြားစီလက်ခံ တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအချင်း ချင်း၊ ဒေသတွင်း ဘင်းမ်စတက် လုံခြုံရေးဆိုင်ရာနိုင်ငံများ အချင်း ချင်း ပူးပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင် ရွက်နိုင်မည့်အခြေအနေ၊ မြန်မာ နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက် ပြောင်းလဲလာမှု အခြေအနေနှင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည့် အခြေ အနေများနှင့်စပ်လျဉ်း၍ ရင်းနှီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန် ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲ Ambassador Abdul Motaleb Sarker အား လက်ခံတွေ့ဆုံစဉ်။



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် အိန္ဒိယနိုင်ငံမှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲ H.E. Shri Ajit Doval အား လက်ခံတွေ့ဆုံစဉ်။



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် နီပေါနိုင်ငံမှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲ H.E. Mr. Harishchandra Ghimire အား လက်ခံတွေ့ဆုံစဉ်။

# စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ အစည်းအဝေးတက်ရောက်ရန် ဘင်းမ်စတက်လုံခြုံရေးဆိုင်ရာအကြီးအကဲများနှင့် အဖွဲ့ဝင်များ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၅

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသား လုံခြုံရေးဆိုင်ရာအကြီးအကဲများ အစည်းအဝေး (4th BIMSTEC National Security Chiefs' Meeting) သို့ တက်ရောက်ရန် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ ဘင်းမ်စတက်လုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ဇနီးများနှင့်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှတစ်ဆင့် နေပြည် တော်သို့ လေကြောင်းခရီးဖြင့်ရောက်ရှိကြသည်။



**ကြိုဆိုနှုတ်ဆက်**

နေပြည်တော်သို့ ရောက်ရှိလာကြသော အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများဖြစ်ကြ သည့် အိန္ဒိယနိုင်ငံမှ H.E. Shri Ajit Doval၊ ဘင်္ဂလား ဒေ့ရှ်နိုင်ငံမှ Ambassador Abdul Motaleb Sarker၊ ဘူတန်နိုင်ငံမှ Mr. Sonam Wangyel၊ နီပေါနိုင်ငံမှ H.E. Mr. Harishchandra Ghimire၊ သီရိလင်္ကာ နိုင်ငံမှ General Kamal Gunaratne(Retd) WWV RWP RSP USP Ndc psc MPhil၊ ထိုင်းနိုင်ငံမှ H.E. Mr. Ruchakorn NAPAPORNPIPAT တို့အား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၁) ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော် ထူးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူ များက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြ သည်။

ဘင်းမ်စတက်လုံခြုံရေးဆိုင်ရာ အကြီးအကဲများ နှင့် ဇနီးများသည် ဇူလိုင် ၂၄ ရက်က ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက် ခဲ့ကြသည်။

ထို့အတူ စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ အစည်း အဝေးအတွက် အကြိုညှိနှိုင်းအစည်းအဝေး တက်ရောက်မည့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey နှင့် ဘင်းမ်စတက်လုံခြုံ ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများသည် ဇူလိုင် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ရန်ကုန်မြို့သို့ ရောက်ရှိ ခဲ့ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆို နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ရှမ်းယူနိုက်တက်အသင်း ASEAN Club Championship Shopee Cup 2024-25 ဘောလုံးပြိုင်ပွဲအုပ်စုအဆင့်သို့ တက်ရောက်

ASEAN Club Championship Shopee Cup 2024-25 ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲတွင် ဘရူနိုင်းကလပ် ကာဆူကာအသင်းကို အနိုင်ရခဲ့သည့် ရှမ်းယူနိုက်တက် အသင်းသည် အုပ်စုအဆင့်သို့ တက်ရောက်ကစားခွင့်ရရှိခဲ့ပြီး အုပ်စု(အေ)တွင် ထိုင်းကလပ် BG Pathum United အသင်း၊ မလေးရှားကလပ် Terengganu အသင်း၊ အင်ဒိုနီးရှားကလပ် PSM မာကာဆာအသင်း၊ ဗီယက်နမ်ကလပ် Dong A Thanh Hoa အသင်း၊ ကမ္ဘောဒီးယားကလပ် Svay Rieng အသင်းတို့နှင့် ဆက်လက်ကစားရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် လာမည့် ဩဂုတ် ၂၁ရက်တွင် ဗီယက်နမ်ကလပ် Dong A Thanh Hoa အသင်းကို အဝေးကွင်း၌လည်းကောင်း၊ စက်တင်ဘာ ၂၅ရက်တွင် အင်ဒိုနီးရှားကလပ် PSM မာကာဆာအသင်းကို အဝေးကွင်း၌လည်းကောင်း၊ ၂၀၂၅ခုနှစ် ဇန်နဝါရီ ၈ရက်တွင် မလေးရှားကလပ် Terengganu အသင်းကို အိမ်ကွင်း၌လည်းကောင်း၊ ၂၀၂၅ခုနှစ် ဇန်နဝါရီ ၂၂ရက်တွင် ထိုင်းကလပ် BG Pathum United အသင်းကို အိမ်ကွင်း၌လည်းကောင်း၊ ၂၀၂၅ခုနှစ် ဖေဖော်ဝါရီ ၅ရက်တွင် ကမ္ဘောဒီးယားကလပ် Svay Rieng အသင်းကို အဝေးကွင်း၌လည်းကောင်း သွားရောက် ကစားရမည်ဖြစ်သည်။

(NGB)

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ

## BTS မှ Jin ကိုယ်တိုင် ရေးဆိုထားသည့် Super Tuna က World Digital Song Sales Chart တွင် ပထမရ



BTS အဖွဲ့ဝင် Jin (ခေါ်) Kim Seok Jin က မွေးနေ့အမှတ်တရ ကိုယ်တိုင်ရေး၊ ဆိုထားသည့် သီချင်းကို သင်တန်းပြန် အမှတ်တရနေ့တွင် သီဆိုခဲ့ရာမှ World Digital Song Sales Chart တွင် ပထမနေရာ ရရှိခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါသီချင်းကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၄ရက်တွင် ကျရောက်သည့် သူ၏မွေးနေ့အထိမ်းအမှတ်အတွက် ထွက်ရှိထားပြီး ၂၀၂၂ခုနှစ် နိုဝင်ဘာ ၅ ရက်နေ့တွင် တစ်ကြိမ် ပထမရရှိထားကာ သင်တန်းပြီးဆုံး၍ 2024 Festa Offline event တွင် ပရိသတ်များနှင့်တွေ့ဆုံ၍ စင်ပေါ်တွင် တစ်နှစ်နှင့် ခုနစ်လကြာမှ ပြန်လည်ဖျော်ဖြေခဲ့သည်။

၂၀၂၄ ခုနှစ် ဇွန် ၂၄ရက်တွင် Super Tuna မှာ နံပါတ်တစ်နေရာဝင်ခဲ့၍ နှစ်ကြိမ်တိုင်တိုင် ပထမနေရာ ရရှိထားသော ဂီတဖြစ်ခဲ့သည်။ **SKY**

## Mamamoo မှ Solar မနီလာတွင် ရှိုးပွဲကျင်းပခဲ့

Mamamoo အဖွဲ့ ခေါင်းဆောင် Solar သည် သူ၏ တစ်ကိုယ်တော်ဂီတဖျော်ဖြေပွဲခရီးစဉ် Colours ကို မနီလာမြို့တွင် ပထမဆုံး ဖျော်ဖြေပွဲခရီးစဉ်ရပ်နားမှုအဖြစ် ကျင်းပခဲ့သည်ဟု အောကေပေါ့ပ်ဝက်ဆိုက်တွင် ဖော်ပြသည်။

Solar သည် ၂၀၂၄ ခုနှစ် ဇွန် ၁၆ရက်တွင် Solaire ရှိ ပြဇာတ်ရုံတွင် တစ်ကိုယ်တော်ဖျော်ဖြေပွဲ ကျင်းပခဲ့ကာ ၂၀၂၀ ပြည့်နှစ်တွင်လည်း တစ်ကိုယ်တော်နှင့် ပွဲဦးထွက်ခဲ့ပြီး ဧပြီလတွင် ဒုတိယမြောက် မီနီအယ်လ်ဘမ် Colours နှင့် လှည့်လည်ဖျော်ဖြေခဲ့ခြင်းဖြစ်သည်။



Solar ၏ ဖျော်ဖြေတင်ဆက်မှုတွင် စိတ်လှုပ်ရှားမှုနှင့် စွမ်းအင်သစ်များ ယူဆောင်လာကာ အားအင်အပြည့်နှင့်တေးသီချင်းများစွာ ဖျော်ဖြေပေးခဲ့သည်။

မနီလာတွင် ကျင်းပခဲ့သည့်ပွဲကို O.N နှင့် Three Angles ထုတ်လုပ်ရေးတို့မှ ပူးပေါင်းတင်ဆက်ပေးခဲ့ကာ Mamamoo အမာခံပရိသတ်များအတွက် တစ်ဦးချင်းတွေ့ဆုံခြင်း၊ အုပ်စုလိုက်ဓာတ်ပုံရိုက်ခြင်း၊ သီးသန့်ဓာတ်ပုံကတ်နှင့် လက်မှတ်ရေးထိုးခြင်း ပိုစတာများ ပိုင်ဆိုင်ရရှိခဲ့ကြသည်။

**SKY**

## Zhaolusi ကို ကောလာဟလလွှင့်သူ လျော်ကြေးပေး၍ ဝန်ခံကတိထိုးရ

တရုတ်အနုပညာရှင် ထိပ်တန်းမင်းသမီး Zhaolusi (ခေါ်) ရှီကျန်းကို မဟုတ်မမှန် ကောလာဟလထုတ်လွှင့်ခဲ့သူက တောင်းပန်ခဲ့ပြီး လျော်ကြေးပေး၍ ဝန်ခံကတိထိုးခဲ့ရသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်၍ တောင်းပန်ခဲ့ပြီး လျော်ကြေးငွေများစွာ ပေးဆောင်ခဲ့ရကာ နောက်နောင် မည်သည့်အခါမှ ကောလာဟလ မထုတ်လွှင့်တော့ပါဟု ဝန်ခံကတိလည်း ထိုးခဲ့ရသည်ဟု တာဝန်ရှိဌာနက ထုတ်ပြန်ကြေညာထားသည်။

ကျန်းလူစီကို အကြောင်းရှာ တိုက်ခိုက်မှုများစွာ ပြုလုပ်ခဲ့ကြရာ သူ၏ကုမ္ပဏီက စံပြအဖြစ် တရားရင်ဆိုင်၍ မှတ်သားလောက်ဖွယ် ပြစ်ဒဏ်ပေးခဲ့ခြင်းဖြင့် အခြားသူများ သတိရှိစေရန်အတွက်လည်း ဖြစ်သည်ဟု ပြောကြားသွားသည်။

**SKY**



## Bad Genius ထိုင်းရုပ်ရှင်ကား နိုင်ငံများစွာက ပြန်ရိုက်ထား

ထိုင်းရုပ်ရှင်လောကတွင် သမိုင်းတွင် ကျန်ရစ်သည့် မှတ်ကျောက်တစ်ခုဖြစ်ခဲ့သည့် Bad Genius ကို ဘောလီဝုဒ်မှ Farrey ၊ အမေရိကန်နှင့် နိုင်ငံများစွာက ပြန်လည်ရိုက်ကူးထားသည်ဟု ထိုင်းအင်တာနက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်သည် ထိုင်းနိုင်ငံတွင် ရုံတင်ဝင်ငွေ အများဆုံးနှင့်ပုံမှန်ဝင်ငွေကို စံချိန်ချိုးခဲ့ကာ နိုင်ငံတကာတွင် အအောင်မြင်ဆုံးဖြစ်ခဲ့ပြီး ဆုပေါင်း ၃၀အထိ ဆွတ်ခူးခဲ့ကာ (၂၇)ကြိမ်မြောက် Suphanahong အမျိုးသားရုပ်ရှင်ဆုပေးပွဲတွင် ဆု ၁၂ဆုနှင့်စံချိန်သစ်တင်ခဲ့သော ရုပ်ရှင်ဖြစ်သည်။

နိုင်ငံတကာရုပ်ရှင်ပွဲတော်များတွင် ပြသခွင့်ရရှိခဲ့ပြီး ရုပ်ရှင်၏ အောင်မြင်မှုနှင့် ထူးခြားသည့် ဇာတ်လမ်းတင်ဆက်ပုံကြောင့် နိုင်ငံများစွာက ပြန်လည်ရိုက်ကူးတင်ဆက်ခဲ့ကြသည်။

ဒါရိုက်တာနာတာဝပ်က သရုပ်ဆောင်သစ်များကို ပွဲထုတ်ထားပြီး ထုတ်လုပ်သူ နှစ်ဦးဖြစ်သည့် ဂျီရာနှင့်ဗန်ရီဒီးတို့က မထူးဆန်းသည့် စာမေးပွဲဖြေဆိုခြင်းအကြောင်းအရာကို သည်းထိတ်ရင်ဖိုဇာတ်လမ်းအဖြစ် ရိုက်ကူးတင်ပြထားသည်။ **SKY**






## ယောက်ျားလေးများ ငယ်စဉ်က အချိုရည်သောက်လျှင် အရွယ်ရောက်ပါက ဆီးချိုရောဂါခံစားရနိုင်မည်

ယောက်ျားလေးများ ငယ်စဉ်က သစ်သီးဖျော်ရည်အပါအဝင် အချိုရည်များသောက်လျှင် အရွယ်ရောက်ပါက ဆီးချိုရောဂါခံစားရနိုင်သည်ဟု အမေရိကန်ပညာရှင်များ မကြာသေးမီက လေ့လာတွေ့ရှိခဲ့ကြောင်း နေးချားသိပ္ပံဂျာနယ်တွင် ဖော်ပြသည်။

ဘော့စတွန်မြို့ရှိ ဟားဗတ်ဘုရားဖူး ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အစည်းနှင့် ဟားဗတ်ဆေးကျောင်းတို့မှ သုတေသီများသည် အာဟာရပညာရှင်နှင့် ပါရဂူဘွဲ့လွန်သုတေသီ ဆိုရင်ဟာန္ဒိုက်စ်လီဘာလန်၏ ဦးဆောင်မှုဖြင့် အချိုရည်သောက်သည့် ယောက်ျားလေးများနှင့် မိန်းကလေးများကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ ယောက်ျားလေးများ ငယ်စဉ်က အချိုရည်သောက်လျှင် အရွယ်ရောက်ပါက ဆီးချိုအမျိုးအစား ၂ကို ခံစားရမည်ဟု ဖော်ထုတ်တွေ့ရှိခဲ့သည်။

၎င်းတို့၏ သုတေသနရလဒ်နှင့်ပတ်သက်၍ စာတမ်းရေးသားပြုစုကာ အမေရိကန်နှလုံးအဖွဲ့အစည်းညီလာခံတွင် ဖတ်ကြားရှင်းလင်းခဲ့ကြောင်း သိရသည်။

**SCI**




## Kalki က 2024 ၏ ဝင်ငွေအကောင်းဆုံးရုပ်ရှင်ဖြစ်

ဘောလိဝုဒ် အနုပညာလောကမှ ရုပ်ရှင်ကားများ ဝင်ငွေနည်းပါး၍ အရှုံးပေါ်ခဲ့ကြသော်လည်း ၂၀၂၄ ခုနှစ်၏ ဝင်ငွေအကောင်းဆုံး ရုပ်ရှင်အဖြစ် Kalki က ဝင်ငွေစံချိန်တင်သွားခဲ့သည်ဟု ဘောလိဝုဒ် အင်တာနက်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင် နမူနာပြသစဉ်ကပင် ပရိသတ် စိတ်ဝင်စားမှု မြင့်မားခဲ့ကြပြီး ပရာဘစ်၊ ဒီပီကာပါဒူဝမ်၊အမီတာဘာဂျမ်း၊ ကမားလ်ဟာဆန်၊ ဒီရှားတို့အပြင် ဗီဂျေး၊ မူနားလ်ထာကူး၊ ဒူလ်ကျူအာဆယ်မန်းတို့ ဧည့်သည်သရုပ်ဆောင်အဖြစ် ပါဝင်ထားကြပြီး ဘောလိဝုဒ်နှင့်တောင်ပိုင်းတမီးလ်သရုပ်ဆောင်တို့ ပါဝင်ထားကြသည်။

ရုံတင်ပထမရက်တွင် ကုဋေ၁၉၀ထိ ရရှိထားပြီး ၂၀၂၄ခုနှစ်၏ ပထမရက်ဝင်ငွေအများဆုံး စံချိန်ချိုးနိုင်ခဲ့ခြင်း ဖြစ်ကာ ၂၀၂၄ခုနှစ် ဇန်နဝါရီတွင် ရုံတင်ခဲ့သည့် Fighter ကို ကျော်လွန်ခဲ့ပြီး Kalki က စံချိန်တင်သွားခဲ့ခြင်းဖြစ်သည်။

အချို့ ရုပ်ရှင်ကားများ အရှုံးပေါ်နေပြီး အချို့ရုပ်ရှင်ကားများ ရုံတင်ရက်ရွှေ့ပြောင်းနေချိန် Kalki က ရုံတင်ရက်ကို အလေးမထားဘဲ အနုပညာအရည်အသွေး အပြည့်အဝနှင့် ချပြနိုင်ခဲ့၍ အောင်ပွဲခံနိုင်ခဲ့ခြင်း ဖြစ်သည်။

**SKY**

# ကာမာလာဟဲရစ် ရွေးကောက်ပွဲ အောင်မြင်နိုင်သည်ဟု ဂျာမနီဝန်ကြီးချုပ် အိုလတ်ဖ်ရှုလ်ဇ် သုံးသပ်ပြောကြား



**ဘာလင် ဇူလိုင် ၂၅**

၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲမှ ဂျိုးဘိုင်ဒင် နုတ်ထွက်ကာ ၎င်း၏နေရာတွင် ဒုတိယသမ္မတဖြစ်သူ ကာမာလာဟဲရစ်ကို အစားထိုးရန် နာမည်စာရင်း တင်သွင်းခဲ့သည်။

ပြိုင်ဘက်သမ္မတလောင်း ဒေါ်နယ်ထရမ့်နှင့် ယှဉ်ပြိုင်ရာတွင် ကာမာလာဟဲရစ် ရွေးကောက်ပွဲ အောင်မြင်နိုင်သည်ဟု ဂျာမနီဝန်ကြီးချုပ် အိုလတ်ဖ်ရှုလ်ဇ် ဇူလိုင် ၂၃ ရက်က သုံးသပ်ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကာမာလာဟဲရစ် နိုင်မယ်လို့ ကျွန်တော်ထင်တယ်။ ဒါပေမယ့် အမေရိကန်မဲဆန္ဒရှင်တွေက ဆုံးဖြတ်ပေးကြပါလိမ့်မယ်။ အတွေ့အကြုံရင့်တဲ့ နိုင်ငံရေးသမားတွေဆိုရင် သူဘာလုပ်နေသလဲဆိုတာ ပိုသိကြမှာပါ။ သူဘာလုပ်နိုင်တယ်။ ဘာလုပ်ချင်တယ်ဆိုတာ သူသိပါတယ်ဟု ၎င်းက ပြောကြားသည်။

ဂျာမနီနိုင်ငံတွင် နိုင်ငံရေးသမားအများစုက အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ထရမ့် အနိုင်ရသွားပါက ပို့ကုန်များအပေါ် အခွန်အတုပ် တိုးမြှင့်ကောက်ခံမည်ကို စိုးရိမ်လျက်ရှိသည်။

အိုလတ်ဖ်ရှုလ်ဇ်အနေဖြင့်လည်း ဒေါ်နယ်ထရမ့် အနိုင်ရမည်ကို လိုလားပုံမရကြောင်း သိရသည်။

**Mon**






# တောင်ကိုရီးယားနိုင်ငံ၏ ဂျီဒီပီပမာဏ မမျှော်လင့်ဘဲ ကျုံ့ဝင်သွားခဲ့သည်ဟု ဆို

**ဆိုးလ် ဇူလိုင် ၂၅**

တောင်ကိုရီးယားနိုင်ငံ၏ ဂျီဒီပီပမာဏ မကြာသေးမီက မမျှော်လင့်ဘဲ ကျုံ့ဝင်သွားခဲ့သည်ဟု ဗဟိုဘဏ်မှ ထွက်ပေါ်ခဲ့သော အချက်အလက်များ၌ ထင်ဟပ်နေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၂၀၂၂ ခုနှစ် စတုတ္ထသုံးလပတ်က ဖြစ်ပေါ်ခဲ့သော ဂျီဒီပီပမာဏအောက် ကျုံ့ဝင်လျော့နည်းသွားရာ တောင်ကိုရီးယားဗဟိုဘဏ်က ဘဏ်တိုးနှုန်းများ ထိန်းညှိရန် လိုအပ်လာနိုင်သည်။

တစ်နှစ်လုံးအတွက် ခြုံငုံကြည့်မည်ဆိုလျှင်မူ အာရှ၏ စတုတ္ထစီးပွားရေးအင်အားအကြီးဆုံး တောင်ကိုရီးယားနိုင်ငံတွင် စီးပွားရေး ၂ ဒသမ ၃ ရာခိုင်နှုန်း ဖွံ့ဖြိုးနေကြောင်း သိရသည်။

**Mon**

0-0-0-0-0

# ဖိလစ်ပိုင်ရေနံတင်သင်္ဘော နစ်မြုပ်မှုဖြစ်ပွား၊ ရေနံ ၁ ဒသမ ၄ သန်း ပင်လယ်ထဲသို့ ယိုစိမ့်

**မနီလာ ဇူလိုင် ၂၅**

ဖိလစ်ပိုင်အလံ လွှင့်ထူထားသည့် အမ်တီတာရာနိုဗာဟု ခေါ်တွင်သည့် ရေနံတင်သင်္ဘော မနီလာပင်လယ်အော်အတွင်း ဇူလိုင် ၂၅ ရက်က နစ်မြုပ်မှုဖြစ်ပွားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သင်္ဘောသား ၁၇ ဦးအနက် ၁၆ ဦးကို ကယ်တင်နိုင်ခဲ့ပြီး တစ်ဦးပျောက်ဆုံးနေသော အခင်းဖြစ်နေရာတစ်ဝိုက်တွင် ထိုသင်္ဘောပေါ်၌ တင်ဆောင်လာသည့် ရေနံလီတာပေါင်း ၁ ဒသမ ၄ သန်း ပင်လယ်ထဲသို့ စတင်ယိုစိမ့်နေပြီဟု ဆိုသည်။

နစ်မြုပ်သွားသည့် ရေနံတင်သင်္ဘောပေါ်မှ ရေနံများအားလုံး ယိုစိမ့်မသွားအောင် သက်ဆိုင်ရာက အပူတပြင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အကယ်၍ ရေနံအားလုံး ပင်လယ်ထဲသို့ ယိုစိမ့်သွားမည်ဆိုလျှင် ဖိလစ်ပိုင်သမိုင်းတွင် အကြီးဆုံးရေနံယိုစိမ့်မှုအဖြစ် မှတ်တမ်းဝင်သွားမည်မှာ သေချာသည်။

ဂေမီမုန်တိုင်းကြောင့် ပြင်းထန်သော လှိုင်းလေ၏ဒဏ်ကို မခံနိုင်ဘဲ ထိုရေနံတင်သင်္ဘောကြီး နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0





# တရုတ်နိုင်ငံမြောက်ပိုင်းဒေသတွင် မိုးသည်းထန်ရေကြီးမှု၊ မြေပြိုမှုများအတွက် ကြိုတင်သတိပေး

**ပေကျင်း ဇူလိုင် ၂၅**

တရုတ်နိုင်ငံမြောက်ပိုင်းဒေသတစ်ဝန်းတွင် ယခုအပတ်အတွင်း ဂေမီတိုင်ဖုန်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ သက်ဆိုင်ရာက ဒေသခံများကို ဖြစ်ပွားလာနိုင်သော ရေကြီးမှု၊ မြေပြိုမှုများနှင့် ပတ်သက်၍ ကြိုတင်သတိပေးထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် အပူချိန်မြင့်တက်ခဲ့ပြီးနောက် ယခုအခါ မြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းသော ရာသီဥတုလွန်ကဲမှု ဆက်လက်ကြုံတွေ့နေရခြင်း ဖြစ်သည်။

လူဦးရေ ၂၂ သန်းခန့် နေထိုင်သော ပေကျင်းမြို့တော်၌ ဇူလိုင် ၂၄ ရက်နှင့် ၂၅ ရက်အကြား ၂၄ နာရီအတွင်း ရွာသွန်းသော မိုးရေချိန်မှာ ၁၅၀ မီလီလီတာအထိ ရောက်ရှိခဲ့သည်။

ပေကျင်းမြို့တော်နှင့် နယ်နိမိတ်ထိစပ်နေသော လူဦးရေသန်း ၇၀ ကျော်ခန့် နေထိုင်သည့် ဟေပိုင်ပြည်နယ်တွင် ရေကြီးမှုဖြစ်ပွားလာနိုင်သဖြင့် သက်ဆိုင်ရာက ဇူလိုင် ၂၅ ရက်တွင် ကြိုတင်သတိပေးချက် ထုတ်ပြန်ထားသည်။

နိုင်ငံအရှေ့ပိုင်းရှိ ကျေကျိုင်းနှင့် ဖူးကျန့်ပြည်နယ်များတွင်လည်း မြေပြိုမှု ဖြစ်ပွားနိုင်သဖြင့် ကြိုတင်သတိပေးထားကြောင်း သိရသည်။

**Mon**

# ပြည်တွင်း ကားအရောင်းပမာဏ လျော့နည်းရာမှ ဇွန်လအတွင်း ထိုင်းကားထုတ်လုပ်မှု ကျဆင်း



**ဘန်ကောက် ဇူလိုင် ၂၅**

ပြည်တွင်း ကားအရောင်းပမာဏ လျော့နည်းရာမှ လွန်ခဲ့သော ဇွန်လအတွင်း ထိုင်းကားထုတ်လုပ်မှု ကျဆင်းခဲ့ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ပြည်တွင်းကားထုတ်လုပ်မှုသည် လွန်ခဲ့သော ၂၀၂၃ ခုနှစ်အောက် ၁၇ ဒသမ ၃၉ ရာခိုင်နှုန်း ကျုံ့ဝင်ခဲ့ကြောင်း ထိုင်းစက်မှုလုပ်ငန်းများအစည်းအရုံးက အတည်ပြုသည်။

ယခုနှစ် ကားဝယ်လိုအားပမာဏ သိန်းနှင့်ချီ၍ လျော့ကျခဲ့ရာမှ ထုတ်လုပ်မှုလည်း ကျဆင်းသွားခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

**နီပေါနိုင်ငံ ခတ္တမန္ဒူလေဆိပ်တွင် ဖြစ်ပွားသော လူ ၁၈ ဦး သေဆုံးကာ တစ်ဦးတည်းသာ အသက်ရှင်ခဲ့သည့် လေယာဉ်ပျက်ကျမှု၌ အသက်ရှင်သူ လေယာဉ်မှူးကို ကယ်ဆယ်နေကြစဉ်။**

**Mon**



# ၁၉၆၉ ခုနှစ်က နစ်မြုပ်ခဲ့သော ဩစတြေးလျသင်္ဘောကို ၅၅ နှစ်ကြာမှ ပင်လယ်ရေအောက်ကြမ်းပြင်၌ ပြန်တွေ့

**ဆစ်ဒနီ ဇူလိုင် ၂၅**

၁၉၆၉ ခုနှစ်က နစ်မြုပ်ခဲ့သော အမ်ဗီနူးဂါဟု အမည်ပေးထားသည့် ဩစတြေးလျ ကုန်တင်သင်္ဘောကြီးကို ၅၅ နှစ်ကြာမှ ပင်လယ်ရေအောက်ကြမ်းပြင်၌ မကြာသေးမီက ပြန်တွေ့ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၂၃၃ ပေ ရှည်လျားသော အဆိုပါသင်္ဘောကြီးပေါ်တွင် သံမဏိချောင်းများ တင်ဆောင်ကာ နယူးဆောက်သ်ဝေးကမ်းရိုးတန်းမှ ထွက်ခွာသွားပြီးနောက် လမ်းခုလပ်တွင် မုန်တိုင်းမိကာ နစ်မြုပ်ခဲ့သည်။

ထိုစဉ်က ဩစတြေးလျ တော်ဝင်ရေတပ်မှ ဖျက်သင်္ဘောများ၊ လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ အခြားရေယာဉ်များ ဖြန့်ကြက်ပြီး ရှာဖွေကယ်ဆယ်ရေး လုပ်ဆောင်ခဲ့သော်လည်း လူ ၂၁ ဦး သေဆုံးကာ တစ်ဦး၏ အလောင်းကိုသာ ကောက်ယူနိုင်ခဲ့သည်။

အမ်ဗီနူးဂါသင်္ဘောကြီးကိုမူ အစအနမျှပင် ရှာမရတော့ဘဲ ဆုံးရှုံးခဲ့ရလေသည်။

ဆစ်ဒနီစီမံကိန်းဟု အမည်ပေးထားသော ဩစတြေးလျနိုင်ငံ၏ ပျောက်ဆုံးနေသော သင်္ဘောများ ရှာဖွေရေးစီမံကိန်းအရ ၎င်းကို ထပ်မံရှာဖွေခဲ့ရာ ပင်လယ်ရေမျက်နှာပြင်အောက် မီတာ ၁၇၀ ကွာဝေးသော ကြမ်းပြင်တစ်နေရာမှ ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



# ပေါင်မြို့နယ် ဇင်းကျိုက်ရေတံခွန်နှင့် ဆင်ရွာရေတံခွန်ရှိ အန္တရာယ်ရှိသော နေရာများအား သတိပေးဆိုင်းဘုတ်များစိုက်ထူခြင်း ပြုလုပ်

**ပေါင် ဇူလိုင် ၂၅**

မွန်ပြည်နယ်၊ ပေါင်မြို့နယ် အတွင်းရှိ ဇင်းကျိုက်ရေတံခွန်နှင့် ဆင်ရွာရေတံခွန်ရှိ အန္တရာယ်ရှိသောနေရာများအား သွားရောက်ရေကစားခြင်းမပြုရန် သတိပေးဆိုင်းဘုတ်များစိုက်ထူခြင်းကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက အဆိုပါ ရေတံခွန်များ၌ စတင်ပြုလုပ်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်ကိုကိုနှင့်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ရေတံခွန်နှင့်ပတ်သက်သည့်တာဝန်ရှိသူများက အန္တရာယ်ရှိသည် ဖြတ်သန်းသွားလာခြင်းမပြုရ ဆိုင်းဘုတ်များကို ရေတံခွန်များ၏ အန္တရာယ်ရှိသည့်နေရာများတွင် သွားရောက်၍ သတိပေးဆိုင်းဘုတ်များကို စိုက်ထူခဲ့ကြသည်။ (ဝဲပုံ)



ပေါင်မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မိုးတွင်းကာလဖြစ်သည့်အတွက် ရေစီးသန်သည့်နေရာများတွင် ရေစီးနှင့်အတူမျောပါနိုင်ခြင်း၊ ရေစီးသန်နေသောကြောင့် ကျောက်ကြားတွင်ညပ်၍ မမျှော်မှန်းနိုင်သော အသက်ဆုံးရှုံးမှု မဖြစ်ပွားစေရန် ရည်ရွယ်၍ သတိပေးဆိုင်းဘုတ်များစိုက်ထူရခြင်းဖြစ်ကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**

# မူးယစ်ဆေးဝါး အန္တရာယ်ကြိုတင်ကာကွယ်အသိပညာပေး ဟောပြော

**မန္တလေး ဇူလိုင် ၂၅**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါး သုံးစွဲမှု ပပျောက်ရေးအသင်း(ဗဟို) (AEDA-Mdy)တို့ ပူးပေါင်း ကျင်းပသည့် မူးယစ်ဆေးဝါး အန္တရာယ်ကြိုတင်ကာကွယ်အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၉နာရီက မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၄၃လမ်း၊ ၆၅လမ်းနှင့် ၆၆လမ်းကြားရှိ KMC ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပသည်။



ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌဦးဝင်းမြင့်က အသင်းလုပ်ငန်းစဉ်အား ရှင်းလင်းပြောကြားပြီး အသင်းဥက္ကဋ္ဌဦးဝင်းမြင့်က အသင်းလုပ်ငန်းစဉ်အား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အသင်းဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က မူးယစ်ဆေးဝါးသမိုင်းကြောင်း၊ အတွင်းရေးမှူး ဦးမြင့်သန်းက မူးယစ်ဆေးဝါး အမျိုးအစား၊ ဆိုးကျိုးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများအား အသင်းအမှုဆောင် ဒေါ်သင်းသင်းဦးက မေးခွန်းများမေးမြန်းပြီး ဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူများအား အသင်းတွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးနှင့် အမှုဆောင် ဦးဝင်းမင်းလှိုင်တို့က ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ KMC ကိုယ်ပိုင်အထက်တန်းကျောင်းမှ မူးယစ်ဆေးသုံးစွဲမှုပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလှူငွေကျပ်သုံးသိန်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၀၇၀)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ပြင်ဦးလွင်မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၂ ရက် ၅နာရီ ၅၀မိနစ်တွင် သက်သေများနှင့်အတူ ပြင်ဦးလွင်မြို့နယ်၊ ဝက်ဝံကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် နမ့်လန်မှ မန္တလေးဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် ခင်မိုးဦး(ခ)မမော်ဆိုသူ၏ ခရီးဆောင်အိတ်အတွင်းမှ ဘိန်းဖြူ အလေးချိန် ၁၁၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ခင်မိုးဦး(ခ)မမော်(၅၃နှစ်)ဆိုသူအား ပိတ်ချင်းမြောင်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



**(အောက်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀-၀

၀-၀-၀-၀-၀-၀-၀



# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်း ဖွင့်လှစ်

**စစ်ကိုင်း ဇူလိုင် ၂၅**

စစ်ကိုင်းမြို့ မျက်မမြင်ကျောင်းတွင် ဇူလိုင် ၂၄ရက် နံနက် ၉ နာရီက သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအခြေခံသင်တန်း ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

"သဘာဝဘေးဆိုတာ ကြိုတင်ခန့်မှန်းရမလွယ်တဲ့အတွက် ကျရောက်လာရင်လည်း ကာကွယ်တားဆီးဖို့ ခက်ခဲတာ ဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးနိုင်ရေးနဲ့ကျရောက်လာရင် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ဆောင်ရန်၊ ရှောင်ရန် အချက်တွေကို စာတွေ့၊ လက်တွေ့ပို့ချပေးသွားမှာဖြစ်ပါတယ်"ဟု စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်က ပြောသည်။

သင်တန်းဖွင့်ပွဲတွင် စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးလှိုင်က သင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့မှုနှင့် သင်တန်းဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။

သင်တန်းကို (၃)ရက်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၃၉၄)**

**မူးယစ်ဟူက တိုက်ဖျက်ကြ။**

# တာချီလိတ်မြို့တွင် စိတ်ပြောင်းဆေးဝါး ကက်တမင်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၃ ရက် ၅နာရီ ၄၅မိနစ်က သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်တွင် နန်းမေဆိုသူ မောင်းနှင်ပြီး နန်းစိန်အေးဆိုသူ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်အတွင်း သို့ဝှက်သယ်ဆောင်လာသော စိတ်ပြောင်းဆေးဝါးကက်တမင်း အလေးချိန်နှစ်ကီလိုနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ၈ နာရီတွင် အဆိုပါစိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ စိုင်းဝမ်းဆိုသူအား တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်ရှိ နန်းမေ ဆိုသူ ငှားရမ်းနေထိုင်သည့် နေအိမ်တွင် မော်တော်ဆိုင်ကယ်တစ်စီး၊ လက်ကိုင်ဖုန်းတစ်လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် နန်းမေ(၃၀နှစ်)၊ နန်းစိန်အေး(၃၄နှစ်)နှင့် စိုင်းဝမ်း(၁၈နှစ်)ဆိုသူတို့အား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## အမျိုးသားယဉ်ကျေးမှုကို ထိခိုက်စေပြီး အရှက်သိက္ခာကင်းမဲ့စွာ ရိုက်ကူးထုတ်လွှင့်ပြသခဲ့သည့် "မောင်လေးစုပ်"တေးသီချင်းဗီဒီယို၏ စီစဉ်သူဒါရိုက်တာ ရွှေလက်အောင်မင်းနှင့် အမျိုးသား၊ အမျိုးသမီးများအား ညစ်ညမ်းမေးခွန်းများကို လိုက်လံမေးမြန်း၍ လူမှုကွန်ရက်စာမျက်နှာများ၌ ထုတ်လွှင့်ပြသသူ Nyein Chan Htet Aung အပါအဝင် သက်ဆိုင်သူတို့အား ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားများ ရိုက်ကူးထုတ်လွှင့်ပြသရေးနှင့် ပတ်သက်၍ ၁၉၉၆ ခုနှစ် ရုပ်ရှင်ဥပဒေနှင့် ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေများနှင့်အညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

အချို့သော တေးသီချင်းဗီဒီယို ရိုက်ကူးထုတ်လွှင့်သူများသည် ထင်ပေါ်ကျော်ကြားမှုရရှိစေရန်အတွက် မြန်မာ့ယဉ်ကျေးမှုနှင့် ဓလေ့ဆန့်ကျင်ပြီး မောင်နှမသားချင်း၊ မိသားစုဝင်ချင်းအတူတကွ နားထောင်ကြည့်ရှုရန်ပင် မသင့်လျော်သော၊ ဟီရိဩတ္တပ္ပတရားကင်းမဲ့သော ရိုက်ကူးထုတ်လွှင့်ပြသမှုများကို လူမှုကွန်ရက်စာမျက်နှာများတွင် ဆောင်ရွက်နေကြသည်ကို တွေ့ရှိပါသဖြင့် လူမှုကွန်ရက်စာမျက်နှာများ အပါအဝင် မြန်မာ့ယဉ်ကျေးမှုကို ဆန့်ကျင်သော၊ ညစ်ညမ်းသော အပြောအဆို၊ အပြုအမူများပါဝင်သည့် ရိုက်ကူးထုတ်လွှင့်ဖော်ပြမှုများနှင့်ပတ်သက်၍ ထုတ်လုပ်သူ၊ စီစဉ်ရိုက်ကူးသူ၊ သရုပ်ဆောင်များအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးတားမြစ်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ အမျိုးသားယဉ်ကျေးမှုကို ထိခိုက်စေပြီး အရှက်သိက္ခာကင်းမဲ့စွာရိုက်ကူးထုတ်လွှင့်ပြသခဲ့သည့် "မောင်လေးစုပ်" တေးသီချင်းဗီဒီယို၏ စီစဉ်သူဒါရိုက်တာ ရွှေလက်အောင်မင်းကို ရန်ကုန်မြို့၊ ဗဟန်းမြို့မရဲစခန်းတွင် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)ဖြင့် အမှုဖွင့်ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

ထို့ပြင် လိင်ဆက်ဆံမှုဆိုင်ရာညစ်ညမ်းမေးခွန်းများကို အမျိုးသား၊ အမျိုးသမီးများအား လိုက်လံမေးမြန်း၍ အီလက်ထရောနစ်ဆက်သွယ်ရေးနည်းပညာအသုံးပြုကာ လူမှုကွန်ရက်စာမျက်နှာများတွင် ရိုက်ကူးထုတ်လွှင့်ပြသခဲ့သည့် Nyein Chan Htet Aung အပါအဝင် သက်ဆိုင်သူများကို အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)ဖြင့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့မရဲစခန်း၌ သက်ဆိုင်ရာက အမှုဖွင့်လုစ်ထားရှိပြီး ဖြစ်ပါသည်။

သို့ပါ၍ ရုပ်ရှင်နှင့် ဗီဒီယိုကားများ၊ တေးသီချင်းဗီဒီယိုများ ရိုက်ကူးထုတ်လွှင့်ရာတွင် မြန်မာ့ယဉ်ကျေးမှုနှင့် ဓလေ့ဆန့်ကျင်ပြီး ဟီရိဩတ္တပ္ပတရားကင်းမဲ့သည့် ပြောဆိုမှုများ၊ ရိုက်ကူးထုတ်လွှင့်မှုများ မပြုကြပါရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ကျိုက်ထိုမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ပြည်သူ ခြောက်ဦး သေဆုံးခဲ့ကြောင်းနှင့် ပြည်သူ ငါးဦးကိုလည်း ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းအမှားများ ဖြန့်ဝေ

နေပြည်တော် ဇူလိုင် ၂၅

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပျဉ်းကတိုးကုန်းကျေးရွာ အုပ်စု၊ ကျောက်တန်းကလေး ကျေးရွာ အနီးတွင် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သမားများ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ပျဉ်းကတိုးကုန်းကျေးရွာမှ ပြည်သူ ခြောက်ဦး သေဆုံးခဲ့ပြီး ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ပိန္နဲကုန်းကျေးရွာမှ ပြည်သူ ငါးဦးကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက အထင်အမြင်လွဲမှားဖွယ် လုပ်ကြံရေးသားထားသည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ ကျိုက်ထိုမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် ကျောက်တန်းကလေးကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၈၀၀ ခန့် အကွာသို့ ရောက်ရှိစဉ် အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ် တိုက်ခိုက်ခဲ့သည့်အတွက် အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထို့နောက် အကြမ်းဖက်သမားများ ပစ်ခတ်တိုက်ခိုက်ခဲ့သည့်နေရာ အနီးတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းခဲ့ရာ တရားမဝင်သယံဇာတများ တူးဖော်ရာတွင် အသုံးပြုမည့် ဘက်ဟိုးယာဉ် တစ်စီးကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ထိုသို့ တိုက်ပွဲဖြစ်ပွားမှုကြောင့် ပြည်သူများ ထိခိုက်သေဆုံးမှု မရှိကြောင်းနှင့် ပြည်သူများကို ဖမ်းဆီးခြင်းများလည်း မရှိကြောင်း လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရသည်။




အဆိုပါ အကြမ်းဖက်သမားများသည် ၎င်းတို့ ဆက်လက်ရပ်တည်နိုင်ရေးအတွက် ပြည်သူများထံမှ အတင်းအဓမ္မ ငွေကြေးတောင်းခံခြင်း၊ မူးယစ်ဆေးဝါးများ ရောင်းချခြင်းနှင့် သဘာဝသယံဇာတများကို တရားမဝင်တူးဖော်ရောင်းချခြင်းများ ဆောင်ရွက်လျက်ရှိရာ ယခုဖြစ်စဉ်တွင်လည်း ၎င်းတို့၏ ဥပဒေမဲ့လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် သတင်းတု၊ သတင်းအမှားများဖြင့် အများပြည်သူကို ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## သန်းခေါင်စာရင်းဆိုင်ရာဟောပြောပွဲ ပြုလုပ်

**အမရပူရ ဇူလိုင် ၂၅**

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်ရှိ တောင်ကြီးမောက်မယ် သနပ်ခါးအလုပ်ရုံ၌ ယမန်နေ့ နံနက် ၉ နာရီခွဲက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမရပူရမြို့နယ်ရုံးမှ ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမရပူရမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးတင်ကိုကိုဝင်းက ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူမည့် သန်းခေါင်စာရင်းအကြောင်းအရာများကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ရည်ရွယ်ပြီး ပရိုဂျက်တာဖြင့် ယခုလို ဟောပြောပွဲများ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဟောပြောပွဲ အပြီးတွင် ပြည်သူများ လေ့လာနိုင်စေရန် လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။ ယခုကဲ့သို့ အသိပညာပေးဟောပြောပွဲများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်းလည်း ဦးစီးအရာရှိက ပြောသည်။

**စိုးသီဟ(အမရ)**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။ ■

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Shine Htet Phyo" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီ နယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ နဝဒေးရပ်ကွက်နေ သန့်ဇင်မျိုးအား မွန်းလွဲ ၃ နာရီခွဲတွင် ကျည်တောင်ကန်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## စတီဖန်ဆာဗစ်အား သုံးနှစ်စာချုပ်ဖြင့် ထရက်ဇွန်စပေါ်အသင်း ခေါ်ယူ

**မက်ဒရစ် ဇူလိုင် ၂၅**

တူရကီကလပ် ထရက်ဇွန်စပေါ်အသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်း ဝါရင့်နောက်ခံကစားသမား စတီဖန်ဆာဗစ်အား သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။




အဆိုပါ နောက်ခံကစားသမားသည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ၂၀၁၅-၂၀၁၆ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၉၇ ပွဲကစားပြီး ၃ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ထရက်ဇွန်စပေါ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

တူရကီကလပ် ထရက်ဇွန်စပေါ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် စတီဖန်ဆာဗစ်အပါအဝင် ကစားသမား ရှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်ကြောင်း သိရသည်။

(ဝဲပုံ) (NGB)

## ဟွိုင်လန်း ကျောနံပါတ် ၉ဂျာစီအား ပြောင်းလဲဝတ်ဆင်ကစားမည်

**မန်ချက်စတာ ဇူလိုင် ၂၅**

မန်ချက်စတာယူနိုက်တက်အသင်းတိုက်စစ်မှူး ဟွိုင်လန်းသည် ကျောနံပါတ် ၉ဂျာစီအား ပြောင်းလဲဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် ပြီးခဲ့သည့် ဘောလုံးရာသီက ကျောနံပါတ် ၁၁ အား ဝတ်ဆင်ကစားခဲ့သော်လည်း လာမည့်ဘောလုံးရာသီမှစတင်ကာ ကျောနံပါတ် ၉ဂျာစီအား ပြောင်းလဲဝတ်ဆင်ကစားမည်ဖြစ်သည်။

တိုက်စစ်မှူး ဟွိုင်လန်းသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၃ ပွဲကစားပြီး ၁၆ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၁)နှစ်အရွယ်ရှိ ဟွိုင်လန်းက ''ကျွန်တော် လာမည့်ဘောလုံးရာသီမှာ ကျောနံပါတ် ၉ဂျာစီအား ပြောင်းလဲဝတ်ဆင်ကစားသွားမှာပါ။ ဒီအသင်းနဲ့အတူ လာမည့်ဘောလုံးရာသီမှာလည်း ဆုဖလားများစွာ သိမ်းပိုက်ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်''ဟု ပြောသည်။

(အောက်ပုံ) (NGB)






## အာဆင်နယ်အသင်းက ဘုန်းမောက်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိ

**လန်ဒန် ဇူလိုင် ၂၅**

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက အာဆင်နယ်အသင်းနှင့် ဘုန်းမောက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အာဆင်နယ်အသင်းက ဘုန်းမောက်အသင်းအား ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အာဆင်နယ်အသင်းနှင့် ဘုန်းမောက်အသင်းတို့သည် မိနစ် ၉၀အထိ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ခြင်းကြောင့် ပယ်နယ်တီအဆုံးအဖြတ် ခံယူခဲ့သည်။ ပင်နယ်တီအဆုံးအဖြတ်တွင် အာဆယ်နယ်အသင်းက ဘုန်းမောက်အသင်းအား ငါးဂိုး၊ လေးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဇူလိုင် ၂၈ရက်တွင် မန်ချက်စတာယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## အဒီယီမီအား ခေါ်ယူရန် ဂျူဗင်တပ်အသင်း ဆွေးနွေး

**တူရင် ဇူလိုင် ၂၅**

ဂျူဗင်တပ်အသင်းသည် ဒေါ့မွန်အသင်း တောင်ပံကစားသမား အဒီယီမီအား ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဒေါ့မွန်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၆ပွဲ ကစားပြီး ၁၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်းဖြစ်သည်။




ဒေါ့မွန်အသင်းကလည်း အဒီယီမီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် ဂျူဗင်တပ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဒေါ့မွန်အသင်းထံမှ အဒီယီမီအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## မူဆာဒီယာဘီ အယ်လ်အစ်တီဟတ်အသင်းတွင် ကျောနံပါတ် ၁၉ဂျာစီအား ဝတ်ဆင်ကစားမည်

**လန်ဒန် ဇူလိုင် ၂၅**

တောင်ပံကစားသမား မူဆာဒီယာဘီအယ်လ်အစ်တီဟတ်အသင်းတွင် ကျောနံပါတ် ၁၉ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ တောင်ပံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် အက်စတွန်ဗီလာအသင်းမှ အယ်လ်အစ်တီဟတ်အသင်းသို့ ပြောင်းရွှေ့ကြေးယူရို သန်း ၆၀ဖြင့် ငါးနှစ်စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

တောင်ပံကစားသမား မူဆာဒီယာဘီသည် ပြီးခဲ့သည့်ဘောလုံးရာသီက အက်စတွန်ဗီလာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၅၄ပွဲကစားပြီး ၁၀ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အယ်လ်အစ်တီဟတ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ မူဆာဒီယာဘီက ''ကျွန်တော် အယ်လ်အစ်တီဟတ်အသင်းမှာ ကျောနံပါတ် ၁၉ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ ကျွန်တော့်ကို နွေးထွေးစွာကြိုဆိုခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားမှာပါ''ဟု ပြောသည်။

(အောက်ပုံ) (NGB)




## အလက်ဇန္ဒားအာနိုးလ်အား ၂၀၂၉ခုနှစ်အထိ စာချုပ်သက်တမ်းတိုးရန် လီဗာပူးအသင်း စီစဉ်


**လီဗာပူး ဇူလိုင် ၂၅**

လီဗာပူးအသင်းသည် အသင်းနောက်ခံကစားသမား အလက်ဇန္ဒားအာနိုးလ်အား ၂၀၂၉ ခုနှစ်အထိ စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၆-၂၀၁၇မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၁၀ ပွဲကစားပြီး ၁၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

လီဗာပူးအသင်းထုတ်ပြန်ချက်တွင် အလက်ဇန္ဒားအာနိုးလ်အား ၂၀၂၉ခုနှစ်အထိ စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်ချုပ်ဆိုနိုင်တော့မှာပါ''ဟု ထုတ်ပြန်သည်။

(အောက်ပုံ) (NGB)



## 2024 Plava Laguna Croatia Open Umag တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Lorenzo Sonego တက်ရောက်

**လန်ဒန် ဇူလိုင် ၂၅**

ခရိုအေးရှားနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော 2024 Plava Laguna Croatia Open Umag တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ အီတလီတင်းနစ်ကစားသမား Lorenzo Sonego တက်ရောက်ခဲ့သည်။

အဆိုပါ အီတလီတင်းနစ်ကစားသမား Lorenzo Sonego သည် 2024 Plava Laguna Croatia Open Umag တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Alexandre Muller အား ၇-၅၊ ၆-၁ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 Plava Laguna Croatia Open Umag တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အီတလီတင်းနစ်ကစားသမား Lorenzo Sonego နှင့် အာဂျင်တီးနား တင်းနစ်ကစားသမား Francisco Cerundolo တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



## ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄) နိုင်ကာမွှာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ် / (ပွဲစဉ် ၁၊ ၂၊ ၃)ရလဒ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၆-၇-၂၀၂၂ သောကြာနေ့ | ညနေ ၃း၃၀ နာရီ (ရန်ကုန်ကွင်း) | (၆)ဒဂုံစတား (W,L,W) - ဒဂုံဆိပ်ကမ်း(ဝ) (L,W,L) | ________ |
| ,, | ညနေ ၄း၀၀နာရီ (သုဝဏ္ဏကွင်း) | (၃)ဟံသာဝတီ (W,W,D) - ရတနာပုံ(၄) (D,W,W) | ဟံသာဝတီ ၁-၃ ရတနာပုံ<br>ရတနာပုံ ၀-၁ ဟံသာဝတီ |

## နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကာမွှာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၆-၇-၂၀၂၄ သောကြာနေ့ | ညနေ ၆း၃၀နာရီ | PSV (နယ်သာလန်) - ဘရူဂျက်(ဘယ်လ်ဂျီယံ) |
| ,, | ည ၉း၃၀ နာရီ | နူရင်ဘတ်(ဂျာမနီ) - ဂျူဗင်တပ်(အီတလီ) |
| ၂၇-၇-၂၀၂၄ စနေနေ့ | နံနက် ၀၆း၀၀ နာရီ | လီဗာပူး(အင်္ဂလန်) - ဘက်တစ်(စပိန်) |

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မန္တလေးတိုင်းဒေသကြီးအတွင်း နို့စားနွားမွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဇူလိုင် ၂၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ခင်လူးကျေးရွာရှိ ရွှေညောင်ပင် နို့စားနွားမွေးမြူရေး သမဝါယမအသင်းသို့ သွားရောက်ပြီး နို့စားနွားမွေးမြူသူအသင်းသားများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် သက်ဆိုင်ရာတာဝန်ရှိသူများက မိတ္ထီလာခရိုင်အတွင်း သမဝါယမအသင်းများမှ နို့စားနွားနှင့် ဒေသနွားမွေးမြူထားရှိမှု၊ မျိုးကောင်းမျိုးသန့်၊ တိရစ္ဆာန်အစာနှင့် ခြံများတည်ဆောက်နိုင်ရေးအတွက် ထောက်ပံ့ပေးအပ်မည့် အစီအမံများ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ ကျောက်ဆည်ခရိုင်၊ တံတားဦးခရိုင်တို့အတွင်း နို့စားနွားနှင့် ဒေသနွားမကောင်ရေ ၅၃၀ တိုးချဲ့မွေးမြူနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုနှင့် မိတ္ထီလာမြို့နယ်အတွင်း သမဝါယမအသင်း ခုနစ်သင်းမှ နို့စားနွား ၄၁၂ ကောင်၊ ဒေသနွားမ ၄၂၁ ကောင် တိုးချဲ့မွေးမြူမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက မွေးမြူရေးလုပ်ငန်းများအတွက် သမဝါယမအသင်း ရန်ပုံငွေများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများဖြင့် လိုအပ်သည့် မျိုး၊ အစာနှင့် ခြံတည်ဆောက်ခြင်းများအတွက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားပြီး နို့စားနွားမွေးမြူသူ အသင်းသားများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရွှေညောင်ပင် နို့စားနွားမွေးမြူရေး သမဝါယမအသင်းမှ နို့စားနွားမွေးမြူသူ အသင်းသားများကို နို့စားနွားမွေးမြူရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် အစာစရိတ်နှင့် နွားခြံဆောက်လုပ်ရန် သမဝါယမအသင်းချေးငွေများ ပေးအပ်ပြီး နို့စားနွားမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ် ကောင်းထက်စံ နို့စားနွားမွေးမြူရေး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နို့နှင့် နို့ထွက်ပစ္စည်းများ တန်ဖိုးမြှင့်စားသောက်ကုန်အဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်နှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းစုအနေဖြင့် လိုအပ်သောအရင်းအနှီးများပံ့ပိုးဆောင်ရွက်ပေးသွားရန် ဆွေးနွေးမှာကြား၍ အသင်းသားတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မိတ္ထီလာမြို့နယ် လိန်တောကျေးရွာ၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ဖွင့်လှစ်ပို့ချလျက်ရှိသော စက်ချုပ်သင်တန်းမှ သင်တန်းသူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်းကောင်း၊ လိန်တောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲရှိ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် လည်းကောင်း၊ မိတ္ထီလာမြို့နယ် တောမကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် လည်းကောင်း၊ မိတ္ထီလာမြို့ရှိ သမဝါယမဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့်လည်းကောင်း တွေ့ဆုံပြီး ဆရာ ဆရာမများ၊ ဒေသခံတောင်သူများနှင့် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရမည်းသင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကျေးရွာ ငါးရွာ၊ အိမ်ခြေ ၇၇၉ အိမ်၊ လူဦးရေ ၃၀၀၀ တို့ကို အကျိုးပြုပေးနိုင်မည့် အင်ကြင်းကန်-အုတ်ဖိုကြံပင်-ထန်းတော ကျေးရွာချင်းဆက်လမ်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဇီးဖြူကုန်းကျေးရွာ ကုန်ထုတ်လမ်းဖောက်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ ဆောလျင်စွာပြီးစီးရေး သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီစေရေး အလေးထားကြပ်မတ်ဆောင်ရွက်ကြရန်နှင့် ကျေးရွာလမ်းကော်မတီဝင်များနှင့် ဒေသခံပြည်သူအားလုံးက လမ်းရေရှည်ကောင်းမွန်စေရေးနှင့် ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) စားရိပ်သာနှင့်ကျောင်းဈေးဆိုင်တန်းများ စစ်ဆေး

**မန္တလေး ဇူလိုင် ၂၅**

အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ရှိ ကျောင်းအုပ်ကြီးနှင့် အရာထမ်းများ၊ နည်းပြများ၊ ဝန်ထမ်းများတွေ့ဆုံပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီက ချမ်းမြသာစည်မြို့နယ်ရှိ အဆိုပါသိပ္ပံကျောင်း အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။ (ယာပုံ)

အစည်းအဝေးတွင် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် အားကစားနည်းအလိုက် လေ့ကျင့်သင်ကြားရေးနှင့် ဝန်ထမ်းရေးရာများ ဆွေးနွေးပြောကြားသည်။

ထို့နောက် ဌာနခွဲအလိုက် နည်းပြများက သင်တန်းသား၊ သင်တန်းသူများအား လေ့ကျင့်သင်ကြားရေးနှင့် ဝန်ထမ်းရေးရာများကို ဆွေးနွေးတင်ပြပြီး ကျောင်းအုပ်ကြီးက တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။



ထို့နောက် ကျောင်းအုပ်ကြီး၊ အားကစားဆေးဘက်ဌာနစိတ်မှ တာဝန်ခံဆရာဝန်များသည် သင်တန်းသား၊ သင်တန်းသူများ ယင်နားစာများ စားသုံးရာမှ ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေး၊ ကျန်းမာရေးနှင့်ညီညွတ်သောမုန့်များ ရောင်းချစေရေးအတွက် ကျောင်းမုန့်ဈေးတန်းရှိ ဈေးဆိုင်များနှင့် စားရိပ်သာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (၀၄၅)

## ရွှေဘိုမြို့တွင် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**ရွှေဘို ဇူလိုင် ၂၅**



စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်တွင် ၂၀၂၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ရွှေဘိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးက အဖွင့်အမှာစကားအားလည်းကောင်း၊ ရွှေဘိုခရိုင်ပညာရေးမှူး ဦးစိုးနိုင်က ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များအားလည်းကောင်း ပြောကြားကာ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ကြသည်။

ဆက်လက်ပြီး ၂၀၂၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၆ ဦးတို့အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ကြသည်။ (အပေါ်ပုံ)

အဆိုပါ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူးနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၀၅၇)

## မြို့ရှောင်လမ်းမှ ပျော်ကုန်း-အုတ်ဖိုလမ်းအား ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်

**မိတ္ထီလာ ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် မြို့ရှောင်လမ်းမှ ပျော်ကုန်း-အုတ်ဖိုလမ်းအား ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သွားလာရာတွင် အဆင်ပြေစေရန် နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေကျပ် ၁၆၉ ဒသမ ၂၆၀ သန်းဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာမှ ဒေသခံပြည်သူများ ဖြတ်သန်းသွားလာသည့် မြို့ရှောင်လမ်းမှ ပျော်ကုန်း-အုတ်ဖိုလမ်း အရှည် ၀/၄ မိုင်၊ အကျယ် ၁၂ပေ၊ ထု ၁၅ လက်မရှိ ကတ္တရာခင်းခြင်းလုပ်ငန်းကို မေ ၂၁ ရက်မှစတင်၍ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူ၍ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မြို့ရှောင်လမ်းမှ ပျော်ကုန်း-အုတ်ဖိုလမ်းအား ကတ္တရာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက မုန်ပင်ဆည်၊ ပျော်ကုန်း၊ အုတ်ဖို၊ ကန်တောင်၊ ထနောင်းတောကျေးရွာများမှ ဒေသခံပြည်သူများ ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

(၄၆၉)

# မန္တလာတက္ကသိုလ်တွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၂၅**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန် ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေလေ့လာဖတ်ရှုရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှ ရရှိသော အသိပညာဗဟုသုတများကို ပြန်လည်အသုံးချ မျှဝေနိုင်ရန် ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မန္တလာတက္ကသိုလ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်တို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော် မှခ်ဦးအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်း၊ မန္တလာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်စန်းစန်းဝင်းနှင့် အမရပူရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို အဆိုပါကျောင်း၌ ဆက်လက်ကျင်းပရာ မန္တလာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး "စာပဒေသာ ဝေဆာစေမည်" Video Clip ကို ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မန္တလာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ခင်စန်းစန်းဝင်းက စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်းရာ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက လက်ခံရယူသည်။

ဆက်လက်ပြီး စာရေးဆရာမ မေမြတ်လင်း(တိုင်ပင်ဖော်)က မန္တလာတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်နှင့် ဆေးဝါးတက္ကသိုလ်တို့အတွက် စာအုပ်များ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မန္တလာတက္ကသိုလ်မှ အနုပညာအသင်းဝင် ကျောင်းသား၊ ကျောင်းသူများက "ပညာဝေဖြာမန္တလာ" သီချင်းဖြင့်လည်းကောင်း၊ စကားရည်လုပွဲ(final)ယှဉ်ပြိုင်ခြင်း၊ မန္တလာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများက "ဘက်စုံပညာရည်တို့လှမ်းချီ" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်အတွင်း ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ ဌာနဆိုင်ရာပြခန်းများ ဓာတ်ပုံပြပွဲများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယခုကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ မန္တလေးမြို့ရှိ တက္ကသိုလ်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုလေ့လာ၍ ပြိုင်ပွဲများနှင့် ဖျော်ဖြေပွဲများတွင်လည်း ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(သတင်းစဉ်)

ဝ-ဝ-ဝ-ဝ




- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။


# ၂၀၂၄ ခုနှစ် မန္တလေးအမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မန္တလေး ဇူလိုင် ၂၅**

၂၀၂၄ ခုနှစ် မန္တလေးအမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၄ရက် နံနက် ၈နာရီက မန္တလေး၊ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အားကစားကွင်း ဘက်စုံအားကစားခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အမျိုးသမီး အားကစားအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီဝင်များ၊ ပြိုင်ပွဲဝင် အသင်းအုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ဥက္ကဋ္ဌက အမျိုးသမီးဖူဆယ် အားကစားသမားများ ပေါ်ထွန်းလာစေရေး ရည်ရွယ်ချက်ဖြင့် ပြိုင်ပွဲကျင်းပခြင်းဖြစ်ကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်အောင် ကြိုးစားကြရန် ပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်များ ရွတ်ဆိုပြီး တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ဥက္ကဋ္ဌက ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး အမျိုးသမီးဖူဆယ်ကလပ်အသင်းများ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

(အောက်ပုံ)(ဝ၄၅)





# သစ်တောထိန်းသိမ်းရေးနှင့် သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပ

**မိတ္ထီလာ ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၌ သစ်တောထိန်းသိမ်းရေးနှင့် သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီက အထက(၂)ရတနာခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲအခမ်းအနားတွင် ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလွင်က သစ်တောထိန်းခြင်းလုပ်ငန်းအကြောင်း အသိပညာပေး ဟောပြောပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုမောင်က သစ်တောသစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်း၏ အကျိုးကျေးဇူးများအား ပရိုဂျက်တာဖြင့် ပြသအသိပညာပေးဟောပြောခဲ့သည်။ ဆက်လက်၍ ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ အသိပညာပေး ဗီဒီယိုကလစ်ကို ပြသအသိပညာပေးပြီးနောက် စိန်ပန်း၊ တမာ၊ စိန်တံချူ၊ ဗာဒံ၊ တပေဘူတ အရိပ်ရပန်းမန်သစ်ပင် စုစုပေါင်း အပင် ၁၅၀ ကို ကျောင်းဝင်းဧရိယာအတွင်း ခရိုင်သစ်တောဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ဝန်ထမ်းများက လက်တွေ့သရုပ်ပြစိုက်ပျိုးကြရာ ဆရာ၊ဆရာမများနှင့်ကျောင်းသူ၊ ကျောင်းသားက လက်တွေ့ပါဝင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)(၄၅၃)

# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး တည်ငြိမ်နေပြီး ပုံမှန်သာ အရောင်းအဝယ်ဖြစ်နေ

ပဲ၊နှမ်းဈေးကွက် တစ်ခုလုံး တည်ငြိမ်နေပြီး ပုံမှန်သာ အရောင်းအဝယ်ဖြစ်နေကြောင်း ပဲ၊ နှမ်းကုန်သည်များထံမှ သိရသည်။

ပြည်တွင်းသုံးကုလားပဲအုပ်စုအပါအဝင် ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံးဈေးတည်ငြိမ်နေပြီး ပုံမှန်သာအရောင်းအဝယ်ရှိနေကြောင်း၊ ဆီထွက်သီးနှံအုပ်စုဖြစ်သည့် မြေပဲ၊ နှမ်းတို့မှာ အရောင်းအဝယ်သွက်နေ၊ ဈေးကောင်းနေသော်လည်း အခြားပဲမာလိုင်းနှင့် ပို့ကုန်ပဲများ ဈေးတည်ငြိမ်နေကြောင်း၊ မကြာမီ မြေပဲဆန်အသစ်များ ဝင်ရောက်လာတော့မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ပြည်တွင်းသုံးကုလားပဲတွေက ပုံမှန်ဈေးတန်းအတိုင်း ပဲရှိနေပါတယ်။ ဈေးအတက်၊ အကျ အပြောင်းအလဲ သိပ်မရှိသလို အရောင်းအဝယ်လည်း ပုံမှန်သာရှိပါတယ်။ နောက်ရက်ပိုင်းတွေမှာ အသစ်ဝင် မြေပဲဆန်တွေ ဝင်ရောက်ဖို့ရှိပါတယ်။ လက်ရှိမှာတော့ မြေပဲဆန်တွေ ဈေးကောင်းနေပါတယ်။ မတ်ပဲဈေးကတော့ ငြိမ်နေပါတယ်။ အရည်အသွေးအလိုက် အနည်းငယ် ဈေးကွာခြားမှုရှိပေမယ့် ထိပ်စတစ်အိတ်ကို ငွေကျပ် ၃၀၀၀၀၀ လောက် ပေါက်ဈေးရှိပါတယ်။ ပြည်တွင်းသုံး ပဲမာလိုင်းတွေကတော့ ဈေးငြိမ်နေပါတယ်။ နှမ်းဈေးကွက်ကတော့ အရောင်းအဝယ်သွက်၊ ဈေးကောင်းနေပါတယ်။ ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးတည်ငြိမ်နေပြီး အရောင်းအဝယ်ကတော့ ပုံမှန်လေးသာ ရှိနေပါတယ်" ဟု ၎င်းက ပြောသည်။

ဇူလိုင် ၂၅ ရက်တွင် ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာတစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀ ပေါက်ဈေးဖြစ်လာသည်။


ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ ဈေးနှုန်းအတက်အကျအနည်းငယ်သာရှိပြီး လက်ရှိဈေးတန်းက အောက်ခံဈေးတန်းဖြစ်လာရာ ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၅၃၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၃၇၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀ ပေါက်ဈေးဖြစ်လာသည်။

မြေပဲဆန်နှင့် နှမ်းမျိုးစုံ ဆက်လက်ဈေးမြင့်တက်နေရာ ဇူလိုင် ၂၅ရက်အတွက် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀၊ ပဲပုပ်တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄၄၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၆၀၀ ပေါက်ဈေးရှိနေပြီး မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ပေါက်ဈေးရှိနေသည်။

ဇူလိုင် ၂၅ ရက်တွင် နှမ်းမျိုးစုံပေါက်ဈေး ဆက်လက်မြင့်တက်နေရာ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၃၅၀၀၀၊ နှမ်းဖြူ(ရိုးရိုး)တစ်အိတ်လျှင် ငွေကျပ် ၃၈၅၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၃၅၀၀၀၊ ပန်းနှမ်းတစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀၊ အသီးသီးပေါက်ဈေး ရှိနေကြောင်း သိရသည်။

(ဝဲပုံ)

ရွှေမန်း





## ပြည်တွင်းပြောင်းဈေးကွက် ဆက်လက်မြင့်တက်နေ

ပြည်တွင်းပြောင်းဈေးကွက် ဆက်လက်မြင့်တက်နေကြောင်း ပြောင်းကုန်သည်များထံမှ သိရသည်။

ဇူလိုင်လဆန်းပိုင်းကတည်းက စတင်မြင့်တက်လာသည့် ပြောင်းဈေးကွက်မှာလကုန်ပိုင်းရက်များတွင် စီပီပြောင်း ၅၄ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၇၀၀၀၀-၇၂၀၀၀၊ ပြောင်းဖူး(ဗမာ) ၅၄ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၆၈၀၀၀-၆၉၀၀၀၊ ပြောင်းဖူး(ရှမ်း) ၅၄ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၇၃၀၀၀-၇၃၅၀၀၊ အထွက်တိုးပြောင်း(နီ) ၅၃ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀-၇၇၀၀၀ ပေါက်ဈေးအထိ မြင့်တက်လာခဲ့သည်။

လက်ရှိတွင် ပြည်တွင်းပြောင်းများကို ထိုင်းနိုင်ငံသို့ အများဆုံးတင်ပို့နေပြီး ပြောင်းပေါက်ဈေး တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀ကျော် ပေါက်ဈေးရှိနေသည်။

ထိုင်းနိုင်ငံသို့ ပြောင်းတင်သွင်းမှု မကြာမီရပ်ဆိုင်းတော့မည်ဖြစ်ရာ ပြောင်းကုန်သည်များအမြန်ဆုံး ဝယ်ယူတင်ပို့နေချိန်ဖြစ်သောကြောင့်လည်း ပြည်တွင်းပြောင်းဈေးကွက် မြင့်တက်နေခြင်းဖြစ်သည်။ ထိုင်းနိုင်ငံသို့ ပြောင်းတင်သွင်းခွင့်မှာ ဩဂုတ် ၃၀ရက်အထိသာ နောက်ဆုံးတင်ပို့ရပြီး ငါးလတာ ရပ်နားထားရမည်ဖြစ်သည်။ထိုသို့ ရပ်နားထားစဉ် အိန္ဒိယနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံများသို့ ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်း ပြောင်းကုန်သည်များထံမှ သိရသည်။

"လက်ရှိမှာ ရန်ကုန်ဆိပ်ကမ်းမှ ထိုင်းနိုင်ငံ ရနောင်းဆိပ်ကမ်းသို့ သင်္ဘောများဖြင့် တင်ပို့နေတာပါ။ ပြောင်းဈေးက ထိုင်းနိုင်ငံမှ အဝယ်ကောင်းနေလို့ ဈေးမြင့်တက်နေတာပါ။ လက်ရှိ ရန်ကုန်ဆိပ်ကမ်းအရောက် ပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀ ခန့် ပေါက်ဈေး ရှိပါတယ်"ဟု ပြောင်းလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံမှ ပြောင်းတင်ပို့မှုကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့မှုရပ်နားထားပြီး ပင်လယ်ရေကြောင်းတစ်ခုတည်းမှ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် အိန္ဒိယနိုင်ငံများသို့ တင်ပို့နေခြင်းဖြစ်သည်။

ပြောင်းစိုက်ပျိုးမှုကို မြန်မာနိုင်ငံအနှံ့ စိုက်ပျိုးပြီး ပြောင်းထွက်ရှိမှု၏ ၇၅ ရာခိုင်နှုန်းကို ထိုင်းနိုင်ငံသို့ တင်ပို့လျက်ရှိသည်။ အစောဆုံးအနေဖြင့် ရှမ်းပြည်နယ်မှ ထွက်ရှိပြီးနောက် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးများမှ ပြောင်းများ ထွက်ရှိကာ နောက်ဆုံး ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ထွက်ရှိသည်။ ပြည်တွင်းအစာစက်ရုံများ၏ ဝယ်ယူမှုနှင့် ပို့ကုန်တင်ပို့မှုများဖြင့် ပြောင်းဈေးကွက် လည်ပတ်နေခြင်းဖြစ်သည်။

(အပေါ်ပုံ)

လက်ရှိတွင် ပြောင်းကို ကုန်သည်များထံ၌သာ လက်ကျန်ရှိတော့ပြီး မကြာမီစတင်စိုက်ပျိုးတော့မည် ဖြစ်သည်။

(မန္တလေးနေ့စဉ်-၆)

## စားအုန်းဆီတင်သွင်းမှု လျော့ချသည့် မူဝါဒကြောင့် ပြည်တွင်း ဆီထွက်သီးနှံများ ဈေးကောင်းရရှိလာ

စားအုန်းဆီတင်သွင်းမှု လျော့ချသည့် မူဝါဒကြောင့် ပြည်တွင်းဆီထွက်သီးနှံများ ဈေးကောင်းရရှိလာကြောင်း ကုန်သည်များထံမှ သိရသည်။

နိုင်ငံခြားငွေသုံးစွဲမှု လျော့ကျစေရန် ပြည်တွင်းသို့ စားအုန်းဆီတင်သွင်းမှုလျော့ချပြီး ပြည်တွင်း ဆီထွက်သီးနှံများဖြစ်သည့် မြေပဲစိုက်ပျိုးခြင်း၊ နှမ်း၊ နေကြာ၊ စိုက်ပျိုးခြင်းကို ဒေသအလိုက် စီမံကိန်းများ ချမှတ်ပြီး တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

ယင်းတိုးချဲ့စိုက်ပျိုးသည့် စီမံကိန်းများကို ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် ဆီထွက်သီးနှံအဓိက စိုက်ပျိုးသည့် စီမံကိန်းများဖြင့် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းမှာလည်း ပဲဆီ၊ နေကြာဆီများကို ပြောင်းလဲသုံးစွဲလာခြင်းကြောင့် ပြည်တွင်းဆီစက်များ ပြန်လည်ထုတ်လုပ်အားကောင်းလာခြင်းဖြစ်သည်။ ပြည်တွင်းဆီစက်များ လည်ပတ်နိုင်ရန်နှင့် အဆင့်မြှင့်တင်ခြင်းများဆောင်ရွက်နိုင်ရန် နိုင်ငံတော်မှ လည်ပတ်ရင်းနှီးငွေ ထုတ်ချေးပေးလျက်ရှိသည်။ (ယာပုံ)

လွန်ခဲ့သော နှစ်နှစ်ခန့်ကတည်းက ပြည်တွင်းစားအုန်းဆီလိုအပ်ချက်ကို နိုင်ငံခြားမှ တင်သွင်းမှုအား တဖြည်းဖြည်း လျော့ချလာခြင်းဖြစ်သည်။ ထိုသို့ လျော့ချလာခြင်းကြောင့် ပြည်တွင်းတွင် ဆီစားသုံးမှုပုံစံပြောင်းလဲလာပြီး မြေပဲ၊ နှမ်း စိုက်ပျိုးသည့်တောင်သူ တစ်နှစ်ထက်တစ်နှစ် ဈေးကောင်းရရှိလာခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ပြည်တွင်း ဆီစက်ပိုင်များ ဝယ်လိုအားကောင်းနေသောကြောင့် မြေပဲဆီဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀-၈၃၀၀၊ မြေပဲလုံးဆန် ငွေကျပ်၈၆၀၀-၈၈၀၀ပေါက်ဈေးရှိနေသည်။ ယခင်နှစ်ကာလတူအချိန်က မြေပဲဆန် တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀-၁၀၀၀၀အထိ စံချိန်တင် ဈေးမြင့်တက်ခဲ့သည်။ ယင်းအချိန်က မြေပဲကို နိုင်ငံခြားတင်ပို့မှုနှင့် ပြည်တွင်းဆီစက်များ၏ ဝယ်ယူမှုများကြောင့် မြင့်တက်ခဲ့ခြင်းဖြစ်သည်။

အလားတူ နှမ်းမျိုးစုံမှာလည်း ယခင်နှစ်ကတည်းက တဖြည်းဖြည်း မြင့်တက်လာရာ လက်ရှိ ဇူလိုင်လကုန်ပိုင်းတွင် နှမ်းမျိုးစုံဈေးကွက်မှာ အမြင့်ဈေးတန်းတွင် ရောက်ရှိနေပြီး နှမ်းနက်(စမုန်) ၄၅ပိဿာတစ်အိတ်လျှင် အရည်အသွေးအလိုက် ငွေကျပ် ၄၉၀၀၀၀-၅၅၀၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ပိဿာတစ်အိတ်လျှင် ၄၃၀၀၀၀-၄၄၅၀၀၀၊ နှမ်းဖြူ(ရိုးရိုး) ၄၅ ပိဿာတစ်အိတ်လျှင် ၃၈၀၀၀၀-၃၉၀၀၀၀၊ ပန်းနှမ်း ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀ အထိ ပေါက်ဈေးရှိနေရာ တောင်သူများ ဈေးကောင်း ရရှိလာခြင်းဖြစ်သည်။

ပြည်တွင်း ဆီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ဆီထွက်သီးနှံများကို နေရာအလိုက် တိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်-၆)



## စာဖတ်ရှိန်မြှင့်မားရေးနှင့် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေး စာဖတ်စွမ်းရည်၊ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**ကျောက်ဆည် ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များ စာဖတ်ရှိန်မြှင့်မားရေးနှင့်အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ယမန်နေ့ မွန်းလွဲ ၁ နာရီက ခရိုင်လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်စွမ်းရည်၊ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပသည်။

ပြိုင်ပွဲတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်သည့် အလေ့အကျင့်များ ရရှိလာစေရန်နှင့် စဉ်းစားတွေးခေါ်မှုမြင့်မားလာစေရေး၊ စာကြည့်တိုက်နှင့် အကျွမ်းတဝင်ရှိပြီး စာပေချစ်မြတ်နိုးသည့်စိတ်များ ဖြစ်ပေါ်လာကာ ယဉ်ကျေးလိမ္မာပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များ ဖြစ်လာစေရေး၊ ဗလငါးတန်နှင့် ပြည့်စုံရေးအတွက် စာဖတ်စွမ်းရည်၊ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် စာဖတ်စွမ်းရည်၊ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပခဲ့ရာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်စာစောင်များနှင့် သဘာဝဘေးအန္တရာယ်၊ ကလေးအလုပ်သမားပပျောက်ရေး၊ အရွယ်မရောက်သေးသောကလေးသူငယ်များစစ်မှုထမ်းခြင်းမှ ကာကွယ်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်ကင်းရှင်းရေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။(ဝဲပုံ)

**စုစုအေး(ကျောက်ဆည်)**

## လူထုအခြေပြုဗဟိုဌာန၌ ရသလမ်းဆုံ စာဖတ်ဝိုင်း ကျင်းပ

**သာစည် ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ မြို့နယ်မှ စာရေးဆရာများနှင့် ကျောင်းသား လူငယ်များပါဝင်သော ရသလမ်းဆုံစာဖတ်ဝိုင်းကို ဇူလိုင် ၂၃ ရက် နံနက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံကျွမ်းကျင်-၃ ဦးဇော်မင်းထွေး(စာရေးဆရာ ခန့်စစ်အောင်)က စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့သိရှိလိုသည်များကို ပါဝင်မေးမြန်းဆွေးနွေးကြရန် တိုက်တွန်းပြောကြားသည်။ ထို့နောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ အောင်ပိုင်၊ စာရေးဆရာ ဝေးရင့်သီနှင့် စာရေးဆရာ ဆူးဖြူတို့က သုတရသစာပေများအကြောင်းတို့နှင့်ပတ်သက်၍ ဆွေးနွေးပြီး စာဖတ်ကြရန် ပြောကြားသည်။ ထို့နောက် ကျောင်းသားလူငယ်များက ဖတ်သင့်သည့်စာအုပ်များ ရွေးချယ်မှု၊ စာဖတ်ခြင်း အကျိုးကျေးဇူးများ၊ ဘဝအောင်မြင်မှုတို့နှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ စာရေးဆရာများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ ရသလမ်းဆုံစာဖတ်ဝိုင်းကို တစ်လလျှင် တစ်ကြိမ်ပြုလုပ်ပြီး မြို့နယ်မှ စာရေးဆရာများက စာပေနှင့်ပတ်သက်၍ ကိုယ်တိုင်ရေးသားထားသည်များနှင့် အခြားသောစာရေးဆရာများ ရေးသားထားသည့် စာပေအကြောင်းအရာများကို မျှဝေခံစားပြီး အပြန်အလှန်ဆွေးနွေးခြင်း၊ တက်ရောက်လာသည့် စာပေဝါသနာရှင်များကို စာများများဖတ်ကြရန် တိုက်တွန်းပြောကြားခြင်းနှင့် စာရေးသားနည်းများကို မျှဝေပေးလျက်ရှိသည်။

အဆိုပါ စာဖတ်ဝိုင်းသို့ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်သင်းသင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မှ စာရေးဆရာများ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(၄၈၇)**






## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပ

**လယ်ဝေး ဇူလိုင် ၂၅**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ယနေ့နံနက် ၁၀ နာရီက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းထွန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ နေပြည်တော်၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းမာက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုများအား ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာအသီးသီးမှ ကော်မတီဝင်များက မိမိတို့၏လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## သီလဆောင်ကြဉ်း ဝါလအတွင်း

* သံသရာတွင်း ဝဋ်ဆင်းရဲတွေ
လွတ်မြောက်ရန်မှု ဉာဏ်ပြုဆောင်စေ
မေတ္တာဝေငှ ညီမျှပေးဝေ
ကောင်းမြတ်လမ်း မပန်းဘယ်မသွေ ။

သိက္ခာဆောင်အပ် ဝါထပ်ပေရာ
ဝါတွင်းကာလ ပြုကြသံယာ
ဗုဒ္ဓဘုရား မွှတ်ကြားခဲ့တာ
ထွန်းလင်းပ နေ လ သာသနာ ။

ယောက်ျား ၊ မိန်းမ ပြုကြယောဂီ
ကျင့်ကြံကျိုးကုတ် အားထုတ်စောင့်မည်
စိတ်ထားပြင်သ သီလဆောင်ရည်
ရောက်ကြငှန်း မြတ်နန်းပြည့်စုံတည် ။

ဝါတွင်းကာလ ရွှင်ပြကြည်ဖြူ
ယဉ်ကျေးသိမ်မွေ့ ဓလေ့ဆောင်ယူ
ဘာသာ လူမျိုး ပြည်ကျိုးဂုဏ်ထူ
ပြုံးလွှာဆက် ကမ်းလက်တွဲယှဉ်ကူ ။

မေတ္တာရေအေး တိုက်ကျွေးပျော်ရွှင်
ဆရာ ၊ မိဘ ဆံစဦးတင်
ပြုမိမိုက်မှား ရှိခြားခဲ့ရင်
တောင်းပန်လျက် ဦးရွက်ကန်တော့ဆင် ။

ရှင်သန်နေ့ရက် ထက်မြက်ဉာဏ်ကျော်
ဥစ္စာပစ္စည်း ပြည့်ပြီးလျှံသော်
အသရေတိုး မြတ်မိုးဂုဏ်ဖော်
ကောင်းခြင်းထပ် လွှမ်းအပ်ဘဝ(အ)ပေါ် ။

မိတ်သဟာများ ဆပွားဂုဏ်မြိုင်
ကျန်းမာအေးချမ်း ကြငှန်းမြဲခိုင်
ဘေးဘယာကင်း ချစ်ခြင်းဝေလှိုင်
ပြုံးလွှာထပ် ပေးအပ်တောင်းဆုပိုင် ။ ။

**မင်းမြတ်မိုး(မန်းမြေ)**

သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး ။

# သတင်းပဒေသာ

## အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၊ ပြည်သူ့ဆေးရုံ၌ အသက် (၆၀)နှင့်အထက် အငြိမ်းစားဝန်ထမ်းများအား မကူးစက်နိုင်သောရောဂါများ ရှာဖွေစစ်ဆေးခြင်းနှင့်ကုသမှုပေးခြင်း အစီအစဉ်အဖြစ် ဆီးချို၊ သွေးချို၊ သွေးတိုးနှင့် နှလုံးရောဂါ၊ အမြင်အာရုံများ စစ်ဆေးပေးခြင်းနှင့်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ဇူလိုင် ၂၄ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံတွင် အခမဲ့စမ်းသပ်စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တောင်သူများ စပါးအထွက်နှုန်းတိုးတက်ရရှိစေရေး ဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ်အတွင်း မိုးစပါးစိုက် ဒေသခံတောင်သူလယ်သမားများအား စပါးအထွက်နှုန်းတိုးတက်ရရှိစေရန်အတွက် ယူရီးယားဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာရောစပ်၍ အချိုးကိုက်ထည့်သွင်းအသုံးပြုနည်း လက်တွေ့သရုပ်ပြသခြင်းကို ယမန်နေ့ နံနက် ၇ နာရီခွဲက မိုင်းလွေကျေးရွာအုပ်စု၊ ယန်းခိုင်ကျေးရွာ တောင်သူ ဦးအိုက်ဆမ်၏ မျိုးစေ့ထုတ်စံပြစိုက်ကွက်၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အားကစားသမားများအား ကြိုဆိုဂုဏ်ပြု

၂၀၂၄ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ၌ အောင်ပွဲရရှိခဲ့ကြသော ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးခရိုင်၊ လင်းခေးမြို့နယ်မှ အားကစားသမားများအား ကြိုဆိုဂုဏ်ပြုပွဲကို ဇူလိုင် ၂၂ ရက်နေ့ နံနက် ၈ နာရီက မြို့အဝင်လမ်းဆုံနေရာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်တွင် မိုးရာသီကာလ သွေးလွန်တုပ်ကွေးဖြစ်ပွားမှုလျော့နည်းစေရန် ရည်ရွယ်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းက မိုင်းတုံမြို့ပေါ်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တိရစ္ဆာန်များအား ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေး

စစ်ကိုင်းခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ စစ်ကိုင်းမြို့နယ် ယာယီရေဝင် ပြောင်းရွှေ့ ကျွဲ၊ နွား တိရစ္ဆာန်များအား ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခြင်းကို ဒါးဝယ်ဈေးရပ်ကွက်၊ ငါးထပ်ကြီးဘုရားဝင်းအတွင်း ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီက အခမဲ့ထိုးနှံပေးခဲ့သည်။တိရစ္ဆာန်ကျန်းမာရေးလုပ်သားများက ဒေါင့်သန်းရောဂါကာကွယ်ဆေး ၂၂၀ ကောင်၊ ပေါင်ပုပ်လက်ပုပ် ရောဂါကာကွယ်ဆေး ၁၅၆ ကောင်၊ စုစုပေါင်း ၃၇၆ ကောင်တို့အား အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေးလျက်ရှိ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဌာနဆိုင်ရာအသီးသီးရှိ ဝန်ထမ်းများ၊ ကလေးသူငယ်များ စာအုပ်များ အလွယ်တကူဖတ်ရှုနိုင်ရန်အတွက် Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များသို့ ကွင်းဆင်းငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မြင်းခြံမြို့ ဘိုချို စာကြည့်တိုက်သို့ စာအုပ်များ သွားရောက်လှူဒါန်း

**မြင်းခြံ ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်ရှိ ဘိုချို စာကြည့်တိုက်သို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ၊ ရသစာအုပ်များကို ဇူလိုင် ၂၄ ရက် မွန်းတည့် ၁၂ နာရီက သွားရောက်လှူဒါန်းခဲ့သည်။

"မြင်းခြံမြို့မှာဆိုရင် ကျွန်မတို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကနေ ဖွင့်လှစ်ထားရှိသည့် ပြည်သူ့စာကြည့်တိုက်အပြင် အမှတ်(၆)ရပ်ကွက်မှာရှိတဲ့ ဘိုချို စာကြည့်တိုက်တို့မှာ စာအုပ်တွေကို အခမဲ့ငှားရမ်းပေးလျက်ရှိပါတယ်။ စာဖတ်ပရိသတ်များအပြင် ပြည်သူများ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် စာကောင်းပေကောင်းဖတ်ရှုနိုင်ရန်အတွက် လူထုသိပ္ပံစာအုပ် အတွဲ(၁)၊ အတွဲ(၂)၊ အတွဲ(၃)၊ အတွဲ(၄)၊ အတွဲ(၅)၊ စုစုပေါင်း (၅) အုပ်ကို လှူဒါန်းရခြင်း ဖြစ်ပါတယ်"ဟု ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးနွဲ့က ပြောသည်။

ထို့နောက်လူထုသိပ္ပံစာအုပ် (၅)အုပ်ကို လက်ထောက်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများက ပေးအပ်လှူဒါန်းရာ ဘိုချို စာကြည့်တိုက်မှ စာကြည့်တိုက်မှူးဦးကျော်မိုးအောင်က လက်ခံရယူခဲ့ပြီး ပြည်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် စာကြည့်တိုက်တွင် စာရင်းပြုစု၍ ခင်းကျင်းပြသထားကြောင်း သိရသည်။

(အပေါ်ပုံ) (၃၆၆)

## မန္တလေးတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ၊ စားသောက်ကုန်များ ထောက်ပံ့

**မန္တလေး ဇူလိုင် ၂၅**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၊ တိုင်းဒေသကြီး၊ခရိုင်နှင့် မြို့နယ်မီးသတ်စခန်းများမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များတွေ့ဆုံပွဲ၊ စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ပွဲကိုဇူလိုင် ၂၄ ရက်နံနက် ၉ နာရီခွဲက မဟာအောင်မြေမြို့နယ်၊ ၆၂ လမ်းရှိ ပြည်ကြီးတံခွန်မြို့နယ်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက အမှာစကားပြောကြားပြီး တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးဦးဇော်ဝင်းထွန်း၊ မန္တလေးခရိုင်ဦးစီးမှူးဦးကျော်ကိုကို၊ မြို့နယ်မီးသတ်ဦးစီးမှူးများက တိုင်းဒေသကြီး၊ မြို့နယ်နှင့် ဇဟိုမီးသတ်စခန်း မီးသတ်တပ်ဖွဲ့ဝင်မိသားစုများနှင့် စကားအင်း အမြန်လမ်းနယ်မြေ မီးသတ်စခန်းရှိ တပ်ဖွဲ့ဝင်များအား ဆန်လေးပြည်နှင့် ကြက်သွန်တစ်ပိဿာစသည့် စားသောက်ကုန်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၀၄၅)




## ရေဘေးသင့်ပြည်သူများ စားသောက်ရေး အဆင်ပြေစေရန် ဆန်များ ထောက်ပံ့

**ညောင်ဦး ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့ ရေဝင်ရပ်ကွက်ရှိ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေဘေးကြုံနေရသည့် ဒေသခံပြည်သူများ စားသောက်ရေး အဆင်ပြေစေရန်အတွက် ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့မှ အိမ်တိုင်ရာရောက် ဆန်များ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ ထောက်ပံ့ပေးရာတွင် ရန်ကုန်မြို့ဝေမျှခြင်းပရဟိတအဖွဲ့မှ အဖွဲ့ဝင် ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတအသင်းသားများက ညောင်ဦးမြို့ ရေဝင်ရပ်ကွက်ရှိ ရေဘေးသင့်အိမ်ထောင်စု ၂၄ စုအား အိမ်ထောင်စုတစ်စုလျှင် ဆန် နှစ်ပြည်စီ စားသောက်ရေး အဆင်ပြေစေရန် အိမ်တိုင်ရာရောက် စနစ်တကျ ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ ရေဘေးသင့်ပြည်သူများအတွက် ဆန်များ ထောက်ပံ့ပေးခြင်းကို ယမန်နေ့ကလည်း ပုဂံမြို့၊ မြင်းကပါကျေးရွာ၊ စိန်ကုန်းရပ်ကွက်ရှိ ရေဘေးသင့်အိမ်ထောင်စု ၁၂ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်နှစ်ပြည်စီ သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း အဆိုပါ ဝေမျှခြင်းပရဟိတအဖွဲ့မှ အဖွဲ့ဝင် ဦးဝင်းမင်းထွန်းက ပြောသည်။

(၄၄၅)

## ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်

**မင်းဘူး ဇူလိုင် ၂၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၌ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် လူနေအိမ်အများအပြား နစ်မြုပ်၍ ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိလာကြသော ရေဘေးဒုက္ခသည်များကို ဆန်ရိက္ခာဖိုးငွေထောက်ပံ့ပေးခြင်းနှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေများ ပေးအပ်ခြင်းများကို ယမန်နေ့ ညနေ ၃ နာရီက မင်းဘူးမြို့၊ မှန်ကင်းကျောင်းတိုက်၊ စိန်ခြည်လင်းဓမ္မာရုံတွင် ထောက်ပံ့ပေးအပ်ကြသည်။



ထိုသို့ ပေးအပ်ရာတွင် ဇူလိုင် ၁၇ ရက်မှ ၁၉ ရက်အထိ ကျေးရွာအုပ်စု(၂)အုပ်စု၏ အိမ်ထောင်စု ၈၆ စု၊ လူဦးရေ ၂၁၆ ဦးထဲမှ ရေထဲမျောပါ အိမ်တစ်လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် တစ်သိန်းနှင့် ဆန်ရိက္ခာ ခုနစ်ရက်စာအတွက် တန်ဖိုးငွေကျပ် ၄၅၃၆၀၀၊ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၅၅၃၆၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း မင်းဘူးမြို့ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

(ဝဲပုံ)

(၅၀၄)

o-o-o-o-o-o-o

# မေတ္တာတရား ထားရှိကြစေချင်

## ကိုကိုပံသ(ပခုက္ကူတက္ကသိုလ်)

ယနေ့ကမ္ဘာပေါ်က မည်သူမဆို မေတ္တာတရားကို မလိုချင်သူ၊
မေတ္တာမထားတတ်သူလို့ ရှိမယ်မထင်ပါ။
လူတိုင်းလူတိုင်းဟာ မေတ္တာတရားကို ရယူလိုသူ၊
မေတ္တာ၏ အအေးဓာတ်ကို ခံယူချင်သူများသာ ဖြစ်ကြမှာပါ။
မေတ္တာတရားကို လက်မခံတဲ့၊ မနှစ်သက်တဲ့ မည်သည့်
ဘာသာတရားမှလည်း မရှိနိုင်ပါ။ အယူဝါဒနှင့် အယူအဆများက
ဘယ်လိုပဲ ကွဲပြားခြားနားလို့နေပါစေ မေတ္တာတရားကိုတော့
ဘာသာတိုင်းက ယုံယုံကြည်ကြည် လက်ခံထားကြမှာပါ။
မေတ္တာတရားရဲ့ သဘောသဘာဝ၊ မေတ္တာရဲ့ အတိမ်အနက်နဲ့
မေတ္တာထားရှိခြင်းရဲ့ အကျိုးကျေးဇူးကိုတော့
လူသားအားလုံးက သိနားလည်ကြပြီး ဖြစ်ကြမှာပါ။

ယနေ့ကာလ အခါသမယမှာ လူတိုင်းလူတိုင်းဟာ မိမိတို့ရဲ့ ဘဝကို အားနဲ့မာန်နဲ့ ကြိုးကြိုးစားစား ရှန်းကန်လို့ ဖြတ်သန်းနေကြချိန်မှာ စိတ်လက်ချမ်းသာပျော်ရွှင်စွာ နေထိုင်လိုကြပါတယ်။ ပျော်ရွှင်သောဘဝ၊ သောကကင်းဝေးတဲ့ဘဝ၊ ငြိမ်းချမ်းသာယာတဲ့ဘဝကိုသာ တည်ဆောက်လိုကြပါတယ်။ အဲဒီလို နေထိုင်နိုင်ကြဖို့ လူသားအားလုံးအတွက် မရှိမဖြစ် လိုအပ်နေတာကတော့ အတိုင်းအဆမရှိတဲ့မေတ္တာ (အနန္တမေတ္တာ)တရားကို လူတိုင်းရင်မှာ ထားရှိကြရမှာ ဖြစ်ပါတယ်။

ယနေ့ကမ္ဘာပေါ်က မည်သူမဆို မေတ္တာတရားကို မလိုချင်သူ၊ မေတ္တာမထားတတ်သူလို့ ရှိမယ်မထင်ပါ။ လူတိုင်းလူတိုင်းဟာ မေတ္တာတရားကို ရယူလိုသူ၊ မေတ္တာ၏ အအေးဓာတ်ကို ခံယူချင်သူများသာ ဖြစ်ကြမှာပါ။ မေတ္တာတရားကို လက်မခံတဲ့၊ မနှစ်သက်တဲ့ မည်သည့် ဘာသာတရားမှလည်း မရှိနိုင်ပါ။ အယူဝါဒနှင့် အယူအဆများက ဘယ်လိုပဲ ကွဲပြားခြားနားလို့နေပါစေ မေတ္တာတရားကိုတော့ ဘာသာတိုင်းက ယုံယုံကြည်ကြည် လက်ခံထားကြမှာပါ။ မေတ္တာတရားရဲ့ သဘောသဘာဝ၊ မေတ္တာရဲ့ အတိမ်အနက်နဲ့ မေတ္တာထားရှိခြင်းရဲ့ အကျိုးကျေးဇူးကိုတော့ လူသားအားလုံးက သိနားလည်ကြပြီး ဖြစ်ကြမှာပါ။

လောကလူသား အများသူငါတို့ရဲ့ စိတ်သန္တာန်မှာ အသွင်အမျိုးမျိုး ခံယူချက်တွေက အဖုံဖုံနဲ့ အတွေးအမြင်တွေကလည်း ကွဲကွဲပြားပြား ကိန်းအောင်းလို့ နေကြပါတယ်။ အကျင့်စရိုက်အမျိုးမျိုး၊ စိတ်နေသဘောထား အများအပြားရှိနေကြမှာ သေချာပါတယ်။ စိတ်ရဲ့စေခိုင်းချက်အရ စိတ်ရဲ့ဦးဆောင်မှုအတိုင်း လုပ်ဆောင်ပေးနေကြရလေတော့ အကျင့်စရိုက်ဆိုးတွေ၊ တစ်ပါးသူတို့အပေါ်မှာ မကောင်းကြံလိုတဲ့စိတ်၊ ကိုယ့်ထက်သာလို့ မနာလိုတဲ့စိတ်၊ မုန်းတီးတဲ့စိတ်၊ ရန်ပြုလိုတဲ့စိတ်တွေကလည်း မိမိတို့ရဲ့ သန္တာန်မှာ ဖြစ်ပေါ်လေ့ရှိတတ်ပါတယ်။

မေတ္တာတရားရဲ့ ရန်သူတွေဟာ လောဘ၊ ဒေါသ၊ မောဟ၊ အတ္တနှင့် မနာလိုဝန်တိုမှုတွေဘဲ ဖြစ်ကြပါတယ်။ မေတ္တာတရားကင်းမဲ့ခြင်းဟာ မိမိကိုယ်ကို သောကပရိဒေဝမီးတွေနဲ့ ပူလောင်ခြင်း၊ ရန်ညှိုးဖွဲ့ခြင်းနဲ့ မနာလိုမုန်းတီးခြင်း စတာတွေကို အဆင့်ဆင့် ဖြစ်ပေါ်စေတာပါ။ မေတ္တာတရားရဲ့ အဖော်မွန်တို့ဆိုတာ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ကိုယ်ချင်းစာတရားနဲ့ သည်းခံခွင့်လွှတ်ခြင်းတို့ ဖြစ်ကြပါတယ်။ မေတ္တာစိတ်ဟာ စိတ်ကောင်း၊ နှလုံးကောင်းတို့နှင့် ယှဉ်တွဲလို့ ဖြစ်ပေါ်လာတဲ့အရာပင်ဖြစ်ပါတယ်။ မေတ္တာတရားဟာ လူသားအားလုံးတို့ရဲ့ စိတ်အေးချမ်းသာယာမှု၊ ပျော်ရွှင်ကြည်နူးမှုတွေနဲ့ သောကဗျာပါဒတွေက ဝေးကွာနေမှုတွေကို ပေးစွမ်းနိုင်ပါတယ်။ မေတ္တာတရားရဲ့ ကြီးစိုးမှု၊ လွှမ်းမိုးမှုတို့ဟာ စိတ်အေးချမ်းမှုတွေကို ဖျက်ဆီးစေတတ်တဲ့ မကောင်းတဲ့ စိတ်ညစ်စိတ်ဆိုးတွေဖြစ်ကြတဲ့ တစ်ကိုယ်ကောင်းဆန်မှု၊ ငါစွဲအတ္တ ကြီးမားနေမှု၊ အလိုရမ္မက် ကြီးထွားနေမှုတို့ကို ဖယ်ရှားပေးနိုင်ပါတယ်။

ငါစွဲအတ္တတွေ ကြီးမားလာမှုဟာ ငါ့မိသားစု၊ ငါ့အမျိုး၊ ငါ့သူငယ်ချင်း၊ ငါ့ချစ်သူ စတဲ့ လွန်ကဲနေတဲ့ တွယ်တာမှုတွေ၊ ငါနှင့်ငါသာ နိုင်းစရာလို့သာ ထင်လာမြင်လာတဲ့သူတွေ၊ အခြားတစ်ပါးသူတွေကို မတူမတန်သလို ခွဲခြားဆက်ဆံမှု၊ မတရားဖိနှိပ်မှု၊ ရက်စက်ယုတ်မာမှုတွေနဲ့ မုန်းတီးမနာလိုမှု၊ ရန်လိုမှုတွေ ဆက်ခါဆက်ခါ ဖြစ်ပေါ်လာပါတော့တယ်။ အဲဒါတွေကတော့ မေတ္တာတရားရဲ့ ဆန့်ကျင်ဘက် အကြောင်းတရားတွေပါပဲ။

မေတ္တာတရားကို မိမိတို့ရဲ့ ရင်မှာထားရှိကြစေဖို့ မေတ္တာတရားထားရှိခြင်းရဲ့ အကျိုးတရားတွေ၊ မေတ္တာရဲ့ သဘောသဘာဝနဲ့ မေတ္တာရဲ့ အတိမ်အနက်ကို အထောက်အကူပြုစေမယ့် မေတ္တာတရားဆိုတာကို ဖော်ညွှန်းထားတဲ့ စာအုပ်တစ်အုပ်ကို ဖတ်လိုက်ရတဲ့အခါ မေတ္တာတရားရဲ့ ဆန်းကြယ်မှုတွေကို စာရေးသူ ကိုယ်တိုင်လက်တွေ့ကျကျ ခံစားလာရပါတယ်။

အဲဒီစာအုပ်လေးကတော့ စင်ကာပူနိုင်ငံက အမေရိကန် ဗုဒ္ဓဘာသာ သီလရှင် ဆန်ဂျီကာဒရို (Sangye Khadro) ရေးသားခဲ့တဲ့ မေတ္တာနှလုံးသား နိုးထကြပါ (Awakening a Kind Heart) အမည်ရတဲ့ စာအုပ်လေးဖြစ်ပါတယ်။ စာရေးသူရဲ့ ဆရာကြီးတစ်ဦးဖြစ်တဲ့ ဒေါက်တာဦးသိန်းရဲ့ ဇနီးဖြစ်သူ ဒေါ်ခင်ဌေးမြင့်က ဘာသာပြန်ဆို ရေးသားထားတဲ့ စာအုပ်ငယ်လေးကို အမှတ်တရ ပေးပို့လာတဲ့ ဆရာကြီးကိုလည်း ကျေးဇူးတင်မဆုံး ဖြစ်ရပါတယ်။ ပေးပို့လာခဲ့တဲ့ စာအုပ်ငယ်ကို ဖတ်ရှုရင်း မေတ္တာအကြောင်းကို စာရေးသူ ဉာဏ်မီသလောက် မျှဝေတင်ပြနေခြင်းသာ ဖြစ်ပါတယ်။

သတ္တဝါအားလုံးအတွက် အတိုင်းအဆမရှိတဲ့ မေတ္တာထားနည်းဆိုသည်မှာ သတ္တဝါအားလုံးရဲ့ အကျိုးကို လိုလားတဲ့စိတ်နဲ့ စေတနာ၊ အကြင်နာနဲ့ မေတ္တာထားရှိခြင်းပင် ဖြစ်ပါတယ်။ ဤတွင် မေတ္တာဆိုသည်မှာ လူတစ်ဦးတစ်ယောက်ရဲ့ လှပနှစ်လိုဖွယ်ရှိမှု၊ ဆွဲဆောင်မှု စိတ်ပါဝင်စားစေမှု စသည်တို့နဲ့ လုံးဝမသက်ဆိုင်ပါ။ အခြားတစ်ပါးသူတို့ ပျော်ရွှင်ကြစေရန်၊ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းပြီး ပျော်ရွှင်စရာကောင်းတဲ့ဘဝ၊ မိမိတို့ရောက်ရှိနေတဲ့ဘဝ၊ ကြုံတွေ့နေရတဲ့ဘဝမှာ နှစ်သိမ့်ကျေနပ်နေရမယ့် အခြေအနေ၊ သောကကင်းကင်းနဲ့ နေထိုင်ကြရတဲ့ အခြေအနေ၊ လောဘ၊ ဒေါသ၊ မာန်မာနများ၊ မုန်းတီးစက်ဆုပ်မနာလိုဝန်တိုမှုများနဲ့ ကင်းဝေးနေတဲ့ဘဝကို ရောက်ရှိကြစေဖို့၊ ရရှိကြစေဖို့ စစ်မှန်တဲ့ စိတ်ထားသန့်သန့်နဲ့ မေတ္တာပို့ခြင်းကို ဆိုလိုတာပါ။

'မေတ္တာသည် အတိုင်းအဆမရှိသော အနန္တမေတ္တာ၊ အလျားအနံ မရှိသောမေတ္တာ' ဆိုပြီးတော့ တင်စားပြောဆိုကြပါတယ်။ လူသားအားလုံးဟာ မိမိတို့ရဲ့ မိဘတွေကို ချစ်ကြတယ်။ အကြောင်းကတော့ မိဘမေတ္တာဟာ သားသမီးများအပေါ်မှာ အတိုင်းအဆမရှိပါ။ နေထိုင်မှု၊ စားသောက်မှု၊ အသက်ရှင်ရပ်တည်မှု၊ ပညာသင်ယူစေမှုနဲ့ တိုးတက်ကြီးပွားစေမှု စတာတွေကို လိုလေသေးမရှိ ဖြည့်ဆည်းပေးခဲ့ကြပါတယ်။ မေတ္တာမျှဝေ စေတနာခြွေ၍ ကရုဏာမိုးတွေ ရွာခဲ့ကြပါတယ်။ ထိုအခါ သားသမီးတို့ကလည်း ချစ်ခင်ကြတယ်။ အားကိုးကြတယ်။ 'မိဘကျေးဇူး မြင့်မိုရ်ဦး' 'ကျေးဇူးကြီးလှ မိနှင့်ဖ' ဟုပင် တင်စားကြပါတယ်။ မိဘများနဲ့ သားသမီးတို့အကြားမှာ မေတ္တာနှောင်ကြိုး ခိုင်မြဲခဲ့ကြပါတယ်။

ကျွန်ုပ်တို့ရဲ့ မိသားစုများသာမက မိတ်ဆွေသူငယ်ချင်းများ၊ အတတ်အသိ အလိမ္မာနှင့် ပညာမျှဝေပေးနေကြသူများဖြစ်ကြတဲ့ အာစရိယဆရာ ကျေးဇူးရှင်ကြီးများ အားလုံးမှာလည်း မေတ္တာပေးသူ၊ မေတ္တာရယူသူများဟာ မိမိတို့ရဲ့ဘဝတစ်လျှောက်လုံးမှာ ပျော်ရွှင်မှု၊ အောင်မြင်မှု၊ တိုးတက်ကြီးပွားမှုတွေကို ခံစားကြရပါတယ်။ ပြဿနာအခက်အခဲများ၊ အတားအဆီးများ၊ စိတ်ဆင်းရဲမှုများနဲ့ ကြုံတွေ့လာရပါရင်လည်း မေတ္တာစေတနာရှေ့ထားလို့ အကောင်းဆုံးဖြစ်ဖို့ ဖန်တီးပေးခဲ့ကြ၊ ဖြေရှင်းပေးခဲ့ကြပါတယ်။ မေတ္တာလက်နက်ကို ခိုင်ခိုင်မြဲမြဲ စွဲကိုင်ကြပြီး အခက်အခဲတွေကို ရင်ဆိုင်နိုင်ခဲ့ကြပါတယ်။ မေတ္တာဆောင်လို့ အောင်မြင်ခဲ့ကြပါတယ်။ မေတ္တာပေးလို့ နွေးထွေးခဲ့ရပါတယ်။ မေတ္တာခြံလို့ လုံခြုံခဲ့ရပါတယ်။

မိမိတို့ရဲ့ မိဘများ၊ သူငယ်ချင်းများ၊ ဆွေမျိုးများ၊ ဆရာသမားများနဲ့ အကြီးအကဲများကိုပဲ မေတ္တာထားကြရမည်လော။ ထိုသို့မဟုတ်ပါ။ သိသူမသိသူ၊ နီးနေဝေးနေသူများ၊ ရန်သူမိတ်ဆွေများ အားလုံးကို မေတ္တာထားကြရပါမယ်။ မေတ္တာတရားကို ပျိုးထောင်လိုပါက မေတ္တာသည် လူသားအားလုံးအတွက် ဖြစ်ရပါမယ်။

မေတ္တာဆိုသည်မှာ တစ်ပါးသူများအပေါ်တွင် ဂရုပြုခြင်း၊ အလေးထားခြင်း၊ စာနာပေးခြင်း၊ အကြင်နာပေးခြင်း သက်သက်သာဖြစ်လို့ လူအချင်းချင်း ရင်းနှီးခင်မင်ဖို့ မလိုအပ်ပါ။ မိမိတို့နဲ့ မရင်းနှီးကြပေမယ့် ကိုယ့်အပေါ်မှာ ပြုခဲ့ဖူးတဲ့ ကောင်းကွက်များ၊ ကျေးဇူးပြုခဲ့ဖူးတဲ့အချက်များ စသည်တို့ကို ပြန်လည်စဉ်းစားလို့ ထိုသူတွေကို မေတ္တာပို့ပါ။ စိတ်ချမ်းသာကြပါစေ။ ကျန်းမာကြပါစေ။ အစစ အဆင်ပြေကြပါစေ စသည်ဖြင့် မေတ္တာပို့ပါ။

ဤလောကကြီးမှာ ကျွန်ုပ်တို့က သတိမပြုမိကြ၊ အမှုမဲ့အမှတ်မဲ့ နေထိုင်ခဲ့ကြသော်လည်း တစ်ဦးနဲ့တစ်ဦး ကျေးဇူးမကင်းကြသူတွေ အမြောက်အမြား ရှိနေတာကိုလည်း သတိပြုမိကြစေလိုပါတယ်။ ဥပမာ- ကျွန်ုပ်တို့ နေ့စဉ်စားသောက်နေတဲ့ အစားအစာတွေ၊ အဝတ်အထည်တွေဟာ ဘယ်လိုရရှိလာပါသနည်း။ တောင်သူလယ်သမားကြီးများ၊ စက်ရုံလုပ်သားကြီးများ၊ ရေလုပ်သားကြီးများ၊ ဈေးသည်များ၊ မော်တော်ယာဉ်မှူးများက တစ်ဆင့် ရရှိခဲ့တာ မဟုတ်ပါလား။

ကျွန်ုပ်တို့ရဲ့နေရာ ဤမြေကမ္ဘာကိုလည်း သေသေချာချာ ပြန်ကြည့်လိုက်စမ်းပါ။ အခုနေထိုင်လျက်ရှိနေကြတဲ့ တိုက်တာအဆောက်အအုံတွေ၊ စာသင်ကျောင်းတွေ၊ ရုံးခန်းကြီးတွေ၊ ဈေးဆိုင်ကြီးတွေ၊ ရုပါမားကတ်ကြီးတွေ၊ လမ်းတံတားကြီးတွေ၊ ပို့ဆောင်ရေးရာတွေ (ကုန်း၊ ရေ၊ လေ) စတာတွေကို မည်သူတွေက ဖန်တီးပေးခဲ့ပါသလဲ။ နေ့စဉ်သုံးပစ္စည်းများ၊ ပရိဘောဂများ၊ ဇိမ်ခံပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်နဲ့ ဆက်သွယ်ရေးပစ္စည်းတွေ၊ သဘာဝသယံဇာတတွေကို တူးဖော်နေကြသူတွေနဲ့ သောက်သုံးရေကအစ ကျွန်ုပ်တို့အားလုံးအတွက် အဆင်ပြေပြေ သုံးစွဲနေကြရတာ မည်သူတွေကြောင့် ဖြစ်ပါသနည်း။ အသေအချာ စဉ်းစားကြည့်မယ်ဆိုပါက လူ့ဘောင်လောကကြီးတစ်ခုလုံးကို အဆင်ပြေပြေ ချောချောမွေ့မွေ့ ရပ်တည်နေထိုင်နိုင်ကြစေဖို့ လူသားအားလုံးရဲ့ လုပ်ဆောင်မှုများ၊ တီထွင်ဆန်းသစ်မှုများ၊ စုပေါင်းညီညာ လုပ်ဆောင်နေပါတဲ့ ကျေးဇူးတရားများ၊ လူသားအချင်းချင်း အပြန်အလှန် အကျိုးပြုနေမှုများဟာ အလွန်အင်မတန်မှပဲ အရေးပါလှပါတယ်။ ဒါကြောင့် လောကလူသားများ အားလုံးနဲ့ သတ္တလောကကြီး တစ်ခုလုံးကို မေတ္တာထားကြရန် လိုအပ်ပါတယ်။

မေတ္တာတရားများနဲ့ ပတ်သက်လို့ စဉ်းစားတွေးတောမယ်ဆိုပါက အလွန်တရာ ကျယ်ပြောလှပါတယ်။ အတိုင်းအဆမရှိနိုင်တော့ပါ။ မည်သို့ပင်ဖြစ်နေပါစေ မေတ္တာသည် လူတိုင်းလူတိုင်း လက်ကိုင်ထားရှိသင့်တဲ့အရာ၊ ကျင့်ကြံအားထုတ်ကြရမယ့် အရာပင်ဖြစ်ပါတယ်။ ဒါပေမဲ့ မိမိတို့ရဲ့ မေတ္တာဟာ အမြဲအစဉ် သန့်စင်နေဖို့၊ အတ္တမဆန်ဖို့၊ သူတစ်ပါးထံက အကျိုးကို မမျှော်ကိုးဖို့နဲ့ မျှော်လင့်ချက် လုံးဝမထားကြဖို့တော့ အထူးလိုအပ်ပါတယ်။

ကျွန်ုပ်တို့အားလုံးဟာ လူသားအားလုံးအပေါ်မှာ စေတနာသန့်သန့်၊ မေတ္တာသန့်သန့် ထားရှိကြပြီး လူသားအချင်းချင်း သနားကြင်နာ စာနာထောက်ထားကြလျက် အေးမြချမ်းသာ ပျော်စရာဖြစ်တဲ့ လူ့ဘောင်ဘဝ လူ့လောကကြီးကို တည်ဆောက်ကြပါစို့ဟူ၍ ---------- ။

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန့်တုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၉)၊ ဦးပိုင်အမှတ်(၄၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေ အကျယ်အဝန်းရှိသော ဗိုလ်ကြီးစိုးတင့် အမည်ပေါက် ဂရန်မြေဖြစ်ပြီး ယင်းမြေကွက်၏ တောင်ဘက်ခြမ်း၊ ဧရိယာ(၃၀×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်အဆောက်အအုံ၊ ဝင်းခြံအကာအရံ၊ ပေါက်ရောက်သစ်ပင်၊ ရေ+မီး အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိ+နိုတြီကိုယ်စားလှယ်ပါဝါများဖြင့် တရားဝင်ဝယ်ယူကာ လက်ရှိပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူဖြစ်သော ဒေါ်ထားထားငြိမ်း(ဘ)ဦးကိုလေး(၉/မနမ(နိုင်)၀၁၁၂၂၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်စာခြည်နိုင်(တရားလွှတ်တော်ရှေ့နေ)**

(LL.B) (DBL) (PGDE)

**င/၂(၁၇)၊ ၄ရွှေဝါလမ်း၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ အမှတ်(၃)ရပ်ကွက်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၂၆၅၂၀၊ ၀၉–၅၁၈၇၆၈၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၂)၊ ဦးပိုင်အမှတ်(၅၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၄၀×၆၀)ပေ အကျယ်အဝန်းရှိသော ဦးအေးကို အမည်ပေါက်ဂရန်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်၏ အနောက်ဘက်ခြမ်း၊ ဧရိယာ(၂၀×၆၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်အဆောက်အအုံ၊ ဝင်းခြံအကာအရံ၊ ပေါက်ရောက်သစ်ပင်၊ ရေအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိ+နိုတြီကိုယ်စားလှယ်ပါဝါများဖြင့် တရားဝင်ဝယ်ယူကာ လက်ရှိပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူဖြစ်သော ဒေါ်ခင်ထားတင်(ဘ)ဦးတင်မွေး(၉/မကန(နိုင်)၀၆၄၆၅၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်စာခြည်နိုင်(တရားလွှတ်တော်ရှေ့နေ)**

(LL.B) (DBL) (PGDE)

**င/၂(၁၇)၊ ၄ရွှေဝါလမ်း၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ အမှတ်(၃)ရပ်ကွက်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၂၆၅၂၀၊ ၀၉–၅၁၈၇၆၈၅**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၇)၊ ဦးပိုင်အမှတ်(၇၀)၊ ဧရိယာ(၃၀×၄၀)ပေ အကျယ်အဝန်းရှိ မြို့ကွက်သစ်တိုးချဲ့ဖော်ထုတ်ရေးအဖွဲ့မှ (၃-၂-၁၉၉၂)ရက်စွဲဖြင့် ဦးကျော်ဆွေ(ဘ)ဦးကံချွန်(၉/မနမ(နိုင်)၀၂၃၄၈၅)အမည်ဖြင့် ချထားရရှိထားသော မြေကွက်၏ မြောက်ဘက်ခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိကအဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးလှပို(ဘ)ဦးတင်သောင်း(၅/ရဥန(နိုင်)၀၀၁၂၉၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်အငွေအဖြစ်ချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးအေးနိုင်**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဆ–၇/၈၅–က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)၊**

**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၃၁၁၀၇၆၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဥယျာဉ်တန်း)၊ ဦးပိုင်အမှတ်(ဃ-၂၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိမြေကွက်မှ ''ဦးစန်းမြင့်မောင်နှင့် ဒေါ်ခင်အုံးမြင့်''တို့ ပူးတွဲအမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်ထဲမှ မြောက်ဘက်ခြမ်း (၁၅×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ''ဦးအောင်မိုးနိုင်(ဘ)ဦးဖိုးအေး''ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါစရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ယဉ်ယဉ်မေ**(LL.B) **ဒေါ်ယဉ်ယဉ်ငွေ**(LL.B)

**(တရားလွှတ်တော်ရှေ့နေများ)**

**၅၇လမ်း၊ ၁၁၃လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၄၀၀၄၆၉၁၈၈၊ ၀၉–၄၀၀၈၁၁၁၉၂၊ ၀၉–၇၉၄၉၉၄၁၂၃**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၄)နေ ဦးအောင်ကိုမင်း(၉/ပသက(နိုင်)၀၆၄၇၂၅)၏ သား မောင်သန့်ဝေဦး(၉/ခအဇ(နိုင်)၀၁၇၁၃၈)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးအောင်ကိုမင်း (၉/ပသက(နိုင်)၀၆၄၇၂၅)**

## စွယ်တော်မြတ်စေတီတော်(မန္တလေးတွင်) လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်မည်

၁။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ နတ်ရေကန်အုပ်စု၊ ရွာတောလေးရွာအနီး မဟာဓမ္မရံသီ ကုန်းတော်မြတ်၌ တည်ထားကိုးကွယ်တော်မူသော စွယ်တော်မြတ်စေတီတော်(မန္တလေး)တွင် ဘက်စုံပြုပြင်မွမ်းမံခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရွှေတိဂုံပုံတူကွမ်းတောင်တော်တို့အား ရွှေသင်္ကန်းကပ်လှူခြင်းနှင့် ရွှေဆေး၊ ဆီဆေး၊ ရေဆေးများကပ်လှူပူဇော်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ သို့ပါ၍ ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့ အနေဖြင့် ရခဲလှစွာသော လူ့ဘဝကိုရရှိခိုက် ကြုံခဲလှစွာသော သာသနာပြုကုသိုလ်ထူးကို အရယူ လှူဒါန်းပူဇော်နိုင်ကြစေရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်**

**ဂေါပကအဖွဲ့ရုံး ဖုန်းနံပါတ်– ၀၉–၇၅၇၇၆၈၄၄၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀-၆)၊ ဦးပိုင်အမှတ်(၃၅)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်စန်းတင့်(ခ)ဒေါ်ဆန်းတင့် အမည်ပေါက်ပိုင်ဆိုင်သော ဂရန်မြေကွက်ဖြစ်သည်မှာ မှန်ကန်ကြောင်း၊ ဒေါ်စန်းတင့်(ခ)ဒေါ်ဆန်းတင့်သည် ဦးသိန်းလွင်နှင့် အိမ်ထောင်ကျပြီး သား၊ သမီး(၃)ဦး မွေးဖွားခဲ့ပြီး ယခုအခါတွင် သားဖြစ်သူ ဦးအောင်သျှန်တစ်ဦးတည်းသာကျန်ရှိသည်မှာ မှန်ကန်ကြောင်း ဒေါ်စန်းတင့်(ခ)ဒေါ်ဆန်းတင့်နှင့် ဦးသိန်းလွင်တို့ကွယ်လွန်ပြီးနောက် တစ်ဦးတည်း ကျန်ရှိသူ သားဖြစ်သူ ဦးအောင်သျှန်မှာ မြန်မာဓလေ့ထုံးထမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ယင်းမြေကွက်နှင့်ပတ်သက်သည့် ဂရန်မူရင်းအပါအဝင် ဆက်စပ်စာချုပ်စာတမ်းမူရင်းအားလုံးမှာ အသိမ်းလွန်ပြီး ပျောက်ဆုံးသွားကြောင်း၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းစွန့်လွှတ်၊ လှူဒါန်းထားခြင်း၊ အာမခံတင်သွင်းထားခြင်း မရှိကြောင်းနှင့် လက်ရှိအချိန်ထိ နေထိုင်ပိုင်ဆိုင်သည်မှာ မှန်ကန်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသန်းဝင်းနိုင်** (LL.B) **တရားလွှတ်တော်ရှေ့နေ**

**အကွက်(၃၂)၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၇၉၃၀၃၇၅၃၀**

## ပျောက်ဆုံးကြောင်း

ဒေါ်နိုင်စံပယ်ဖြိုး(ဘ)ဦးချိုဦး(ခ)အောင်ဖြိုး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/အမဇ(နိုင်)၀၁၄၆၃၈)ကိုင် ဆောင်သူ၏ Passport NO. M-372573 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဒေါ်နိုင်စံပယ်ဖြိုး**

**ဖုန်း ၀၉–၄၄၇၈၉၇၀၅၈**

## ပျောက်ဆုံးကြောင်း

ဦးစိုးအောင်(ဘ)ဦးကျွန်ထွန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/နဆန(နိုင်)၀၃၇၆၃၄)ကိုင်ဆောင်သူ၏ Passport NO မမှတ်မိသည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဦးစိုးအောင်**

**ဖုန်း ၀၉–၄၄၄၈၆၁၉၆၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

(ဘ)ဦးသိန်းမောင်၏ သမီး မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်/အကွက်(၁၈၄)နေ ဒေါ်မြင့်ရီနှင့် ဒေါ်မြင့်မြင့်ရီတို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မြင့်ရီ(ခ)ဒေါ်မြင့်မြင့်ရီ (၉/အမဇ(နိုင်)၁၁၁၀၆၁)**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၉)၊ ဦးပိုင်နံပါတ်(၂၂-ခ)မြေကွက်အတွင်းမှ (၁၀×၃၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ(ရေ+မီးအစုံ)၊ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို ဦးလှငွေးက နိုတြီကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ဦးလှငွေးကွယ်လွန်ပြီးနောက် ဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ သားဖြစ်သူ ဦးမောင်မောင်ဦး(ဘ)ဦးလှငွေး(၉/မရမ(နိုင်)၀၈၄၄၅၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးဝင်ငွေအချို့ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ခင်ဥမ္မာကျော်** (LL.B, D.B.L, MUFL(Eng), L.C.C.I(UK))

**တရားလွှတ်တော်ရှေ့နေ**

**လမ်း၆၀၊ (ဓ–၆/၇၉–က)၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြား၊**

**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ နယ်မြေ(၁-ခ)အတွင်းမှ အရှေ့လားသော်-ဒေါ်ငွေ၊ အနောက်လားသော်-လမ်း၊ တောင်လားသော်-ဦးဝင်းမြင့်၊ မြောက်လားသော်-ဦးသိန်းကျော်အောင် စသည့် နယ်လေးရပ်အတွင်းရှိ အကျယ်အဝန်း (ပေ၂၀×၂၅ပေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့် ရေ+မီး အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်စိန်ညို(ဘ)ဦးလှအောင်(ခ)ဦးလှမောင်(NZN-၀၅၃၈၆၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးမျိုးသူရဦး (LL.B)**

**အထက်တန်းရှေ့နေ**

**ဆင်စွယ်ပွတ်ရပ်ကွက်၊ တရုတ်တန်းလမ်း၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၉၇၇၄၃၈၄၇၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်(စ/၁၄၃)၊ ဧရိယာ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးတင်ဆန်း အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်ထဲမှ အရှေ့ဘက်ခြမ်း ပေ(၃၀×၄၀) အကျယ်အဝန်းထဲမှ အရှေ့ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်အား အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်နှင့် ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးမြင့်အောင်(ဘ)ဦးလူခင်(၅/တဆန(နိုင်)၀၇၂၄၀၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးအေးမော် (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**လမ်း၇၀၊ လမ်း၃၀နှင့်၃၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၉၉၇၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၅)၊ ဦးပိုင်အမှတ်(၆၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်တင်နွဲ့ အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ ဂရန်မြေအစိတ်အပိုင်းနှင့် ယင်းမြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်၊ ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ၁။ ဒေါ်လွင်လွင်မော်(ဘ)ဦးကျော်သိန်း(၉/မခန(နိုင်)၀၆၄၉၆၃)၊ ၂။ ဒေါ်တင်တင်ခိုင်(ဘ)ဦးသန်း(၉/မရမ(နိုင်)၀၀၀၄၇၅) ကိုင်ဆောင်သူများထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား၊ စာချုပ်မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်စန္ဒီသန့်ဇင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**၁၀၈လမ်း၊ ၅၆လမ်းနှင့်၅၇လမ်းကြား၊ (၅၆–B)လမ်းသွယ်၊**

**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၈၉၇၈၉၂၄၅၊ ၀၉-၇၇၇၂၂၂၃၅၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၀၄)၊ ဦးပိုင်အမှတ်(၄၂) ဦးဖုန်းကျော် အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ မြောက်ဘက်ဆုံးအပိုင်း မျက်နှာပွင့် တောင်-မြောက် (၁၆)ပေ၊ အရှေ့အနောက်မျက်နှာပွင့် (၂၇)ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိပိုင်ဆိုင်ပြီး အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်ခင်မျိုးအေး(ဘ)ဦးဉာဏ်စိန်(၉/ခအစ(နိုင်)၀၀၉၃၄၆)ပါ(၃)ဦးတို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးစရန်ငွေတစ်ဝက် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မှတ်ပုံတင်မူရင်းအထောက်အထားများနှင့် ကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ–**

**ဒေါ်အေးမွန်တင်သိန်း(LL.B,LL.M,D.B.L)** **ဒေါ်မိမိခိုင်(LL.B)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

MABLE MON Law Fim

**အမှတ်(၃၈၂)၊ ၇၆လမ်း၊ လမ်း၃၀နှင့်၃၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊**

**မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၅၉၉၂၊ ၀၉-၄၃၁၄၆၄၅၇**

## အမှတ်တံဆိပ် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်နေ **ဦးဟိန်းဇော်(ဘ)ဦးကျော်ဇင်(၉/မဟမ(နိုင်)၀၃၄၁၃၀)** ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

The EYE
Eyewear and Eyecare

The EYE
Eyewear and Eyecare

ကျွန်ုပ်တို့၏မိတ်ဆွေ **ဦးဟိန်းဇော်** သည် ပူးတွဲဖော်ပြပါ **The Eye Eyewear and Eyecare** အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင် အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ် အမှတ်(**၂၀၆၅ / ၂၀၂၄**) အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး **The Eye Eyewear and Eyecare** အမည်ဖြင့် **ပါဝါမျက်မှန်၊ နေကာမျက်မှန်၊ မျက်ကပ်မှန်၊ မျက်မှန်ဆက်စပ်သုံးပစ္စည်းမျိုးစုံ ရောင်းဝယ်ရေးနှင့် မျက်စိဆေးခန်း** ဖွင့်လှစ်လုပ်ကိုင်လျက်ရှိရာ အများပြည်သူများ တစ်ခဲနက်အားပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ **The Eye Eyewear and Eyecare** အမှတ်တံဆိပ်ဖြင့် **ပါဝါမျက်မှန်၊ နေကာမျက်မှန်၊ မျက်ကပ်မှန်၊ မျက်မှန်ဆက်စပ်သုံးပစ္စည်းမျိုးစုံ ရောင်းဝယ်ရေးနှင့် မျက်စိဆေးခန်း** လုပ်ငန်းသည် **ဦးဟိန်းဇော်** ၏ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့် အမှတ်တံဆိပ် အမည်အမှတ်အသားဖြစ်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါ အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပပြုလုပ်ခြင်းတို့ကို မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက **ဦးဟိန်းဇော်** ၏ လုပ်ငန်းအကျိုးစီးပွားနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မဥ္ဇူမြင့် |
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ် (အေ–၈)၊ ၃၁လမ်း၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၂)တွင် တည်ရှိသော ဦးပိုင်အမှတ်(၁၈)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ တသ စန်းဝင်းမောင် အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးလီကျားဝေ(ဘ)ဦးလီချိန်ယွင်(၁၃/ကလတ(နိုင်)၀၂၀၈၈၇)က ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးမျိုးမင်းအောင် (LL.B)** **ဒေါ်သဥ္ဇာစိုး (LL.B)** **ဒေါ်အေးအိနိုင် (LL.B)**

**အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(၅၆)၊ ၃၇(စီ)လမ်း၊ ၆၇(အေ)လမ်းနှင့်၆၈(အေ)လမ်းကြား၊ အပိုင်း(၄)၊ မဟာမြိုင်(၁)ရပ်ကွက်၊**

**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၆၇၆၇၀၅၂၃၊ ၀၉-၇၉၇၁၄၇၄၆၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(၄၁၃/၁)၊ ဦးပိုင်အမှတ်(၉၁-က)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကအတွင်းမှ အလယ်ပိုင်း ခဲစင်းပြမြေဧရိယာ (၀ ဒသမ ၀၁၉၀)ဧက အကျယ်အဝန်းရှိ ဒေါ်ရီရီလှ အမည်ပေါက် ဂရန်မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်ရီရီလှမှ ရောင်းချသူ ဦးမောင်မောင်ဝင်းသို့ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၌ လွှဲအပ်ခဲ့သည့် အထွေထွေကိုယ်စားလှယ်လွှဲစာအရ အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်တို့ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများ ဒေါ်ဖြူဖြူဝင်း(ဘ)ဦးသန်း(၉/မရတ(နိုင်)၀၆၈၆၈၀)၊ ဦးမောင်မောင်ဝင်း(ဘ)ဦးလေးမောင်(၉/မရတ(နိုင်)၀၅၆၇၇၈)တို့ထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန် သဘောတူပြီး ဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးအေးမင်းထွန်း (LL.B)** **ဒေါ်မေသူဝင်း (LL.B,LL.M)**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၀၇၁)** **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၅၀၇)**

**၃၂လမ်း၊ ၆၄လမ်းနှင့်၆၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ။**

**ဖုန်း ၀၉-၂၀၃၁၈၃၄ ၊ ၀၉-၃၃၅၃၃၅၃၀**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်စား ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုး






ရန်ကုန် ဇူလိုင် ၂၅

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ မစ္စတာ ငုယင်ဖုကျောက် ကွယ်လွန်ခြင်းအတွက် သီရိမင်္ဂလာလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံးတွင် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ် စာအုပ်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား လက်မှတ်ရေးထိုးနိုင်ရေးအတွက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ မွန်းလွဲ ၂ နာရီတွင် ရောက်ရှိခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး H.E. Mr. Ly Quoc Tuan ၊ စစ်သံမှူး Mr. Dao Van Duy နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးသည် ဗီယက်နမ်သံရုံးမှ သံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများအား သံရုံး ဧည့်ခန်းမတွင် ခင်မင်ရင်းနှီးစွာ တွေ့ဆုံ၍ ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ကွယ်လွန်ခဲ့ခြင်းအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ဝမ်းနည်းကြောင်း၊ စာနာထောက်ထားကြောင်း သတင်းစကားအား နှစ်ဦးနှစ်ဖက် အပြန်အလှန် ပြောကြားခဲ့ပြီး ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

မစ္စတာ ငုယင်ဖုကျောက်သည် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးအဖြစ် ၂၀၁၁ ခုနှစ်တွင် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ခဲ့ကြောင်းနှင့် ၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ သမ္မတအဖြစ် တာဝန် ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ SPIC Yunnan International Power Investment Corporation သို့ သွားရောက်လေ့လာ



နေပြည်တော် ဇူလိုင် ၂၅

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့သို့ ရောက်ရှိစဉ် ဇူလိုင် ၂၄ ရက်က SPIC Yunnan International Power Investment Corporation သို့ သွားရောက်လေ့လာကြရာ မြန်မာကိုယ်စားလှယ်အဖွဲ့အား SPIC ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာ ဝူကျီးချွင်က ကြိုဆိုနှုတ်ဆက်ပြီး ၎င်းတို့ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မိတ်ဆက်ရှင်းလင်းသည်။

ထို့ပြင် မစ္စတာ ဝူကျီးချွင်နှင့် အဖွဲ့သည် ၎င်းတို့ကုမ္ပဏီက မြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အကောင်အထည်ဖော် ဆောင်လျက်ရှိသည့် စီမံကိန်းများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၄ ပါရီအိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုအဖွင့်ပွဲတွင် စပိန်၊ ကနေဒါ၊ ဂျာမနီ၊ ဘရာဇီးတို့ နိုင်ပွဲကိုယ်စီရရှိ

၂၀၂၄ ပါရီအိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုအဖွင့် ပွဲစဉ်များကို ယနေ့စတင်ကာ ယှဉ်ပြိုင်ကစားခဲ့ပြီး အုပ်စု (C) ပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ည ၉နာရီ ၃၀မိနစ်က စပိန်အသင်းနှင့် ဂျပန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက ဂျပန်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

စပိန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၂၂မိနစ်တွင် ဘွန်မာတီ၊ ပွဲချိန် ၇၄မိနစ်တွင် ကိုင်ဒန်တီတို့က အသီးသီး သွင်းယူပေးခဲ့သည်။ ဂျပန်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုမူ ပွဲချိန် ၁၃မိနစ်တွင် ဖူဂျီနိုက သွင်းယူပေးခဲ့သည်။

အုပ်စု (A) ပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ည ၉နာရီ ၃၀မိနစ်က ကနေဒါအသင်းနှင့် နယူးဇီလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကနေဒါအသင်းက နယူးဇီလန်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ကနေဒါအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် (၄၅+၄) မိနစ်တွင် လာကာစီ၊ ပွဲချိန် ၇၉မိနစ်တွင် ဗီအန့်စ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။ နယူးဇီလန်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုမူ ပွဲချိန် ၁၃မိနစ်တွင် ဘယ်ရီက သွင်းယူပေးခဲ့သည်။

အုပ်စု(B)ပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ည ၁၁နာရီ ၃၀မိနစ်က ဂျာမနီအသင်းနှင့် ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျာမနီအသင်းက ဩစတြေးလျအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စု (C) ပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ည ၁၁နာရီ ၃၀မိနစ်က ဘရာဇီးအသင်းနှင့် နိုင်ဂျီးရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘရာဇီးအသင်းက နိုင်ဂျီးရီးယားအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

နိုင်ကမ္ဘာ



စပိန်အသင်းနှင့် ဂျပန်အသင်း ယှဉ်ပြိုင်ကစားစဉ်။



# အိုလံပစ်ကြက်တောင်ပြိုင်ပွဲတွင် သက်ထားသူဇာ ဂျပန်နိုင်ငံသူနှင့် အုပ်စုအဖွင့်ပွဲကစားရမည်

ရန်ကုန် ဇူလိုင် ၂၅

ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပလျက်ရှိသည့် ၂၀၂၄ ပါရီအိုလံပစ်ကြက်တောင်ပြိုင်ပွဲကို ဇူလိုင် ၂၇ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် ဂျပန်နိုင်ငံသူနှင့်အုပ်စုအဖွင့်ပွဲကစားရမည်ဖြစ်သည်။

ကြက်တောင်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဇူလိုင် ၂၇ ရက်တွင် စတင်မည်ဖြစ်ပြီး မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် အုပ်စု(C)တွင် ဂျပန်နိုင်ငံသူ ယာမာဂူချီ၊ ကနေဒါနိုင်ငံသူ မီချယ်လီတို့နှင့် ကျရောက်နေသည်။ အုပ်စုပွဲစဉ် ရေးဆွဲထားမှုအရ သက်ထားသူဇာသည် အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ဇူလိုင် ၂၇ ရက်တွင် ကမ္ဘာ့အဆင့်(၅)ရှိ ဂျပန်နိုင်ငံသူ ယာမာဂူချီနှင့် ကစားရမည်ဖြစ်သည်။ သက်ထားသူဇာသည် ယာမာဂူချီနှင့် ပထမဆုံးတွေ့ဆုံခြင်းဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်၊
ဓာတ်ပုံ-BWF